မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၉၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ဘီ၊ ဂျေ၊ ပီ ပါတီခေါင်းဆောင် တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘီ၊ ဂျေ၊ ပီပါတီ ခေါင်းဆောင် **Shri L.K Advani** အား နယူးဒေလီမြို့ တာ့ဂ်ျမဟာဟိုတယ်ရှိ **Villa Madici** ခန်းမတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဘီ၊ ဂျေ၊ ပီပါတီ (Bharatiya Janata Party) ခေါင်းဆောင် Shri L.K Advani သည် ဧပြီ ၃ ရက် ညနေ ၃ နာရီတွင် နယူးဒေလီမြို့ တာ့ဂ်ျမဟာဟိုတယ်ရှိ Villa Madici ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဘီ၊ ဂျေ၊ ပီပါတီခေါင်းဆောင် Shri L.K Advani နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် Shri T.S.Tirumurti နှင့် အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr.Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အား ဘီ၊ ဂျေ၊ ပီပါတီ ခေါင်းဆောင် **Shri L.K Advani** နယူးဒေလီမြို့ တာ့ဂ်ျမဟာဟိုတယ်ရှိ **Villa Madici** ခန်းမတွင် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၈ ရက်)

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးမြှင့်တင် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ဧပြီလ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီလ ၂ ရက်နေ့က အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပရာတီဘာပတေးလ်အား နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံပြီး ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်က မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို အားပေးကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းနေမှုများအပေါ် မိမိနားလည်သဘောပေါက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မိမိတို့နှစ်နိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ရင်းနှီးစွာ ဆက်စပ်လျက်ရှိကြောင်း၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည်သာမက ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် နှစ်ပေါင်းကြာရှည်စွာ ချစ်ကြည်ရင်းနှီးလာခဲ့ကြသည့် နိုင်ငံများဖြစ်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သယံဇာတများနှင့် အိန္ဒိယနိုင်ငံ၏နည်းပညာများပေါင်းစပ်ကာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ပြီး သတင်းနှင့်နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့၌ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် နှစ်ပေါင်းရှည်ကြာစွာ ရင်းနှီးချစ်ခင်ခဲ့သော အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ခဲ့သည်သာမက ယနေ့အချိန်အခါတွင်လည်း နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက်ရှိရာ နှစ်နိုင်ငံကုန်သွယ်ဆက်ဆံရေး မြှင့်တင်ပေးခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) လာရောက်ကြည့်ရှု အပန်းဖြေနိုင်

နေပြည်တော် ဧပြီ ၇

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ဖွင့်လှစ်ထားပြီးဖြစ်ရာ အများပြည်သူတို့အနေဖြင့် တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လာရောက်ကြည့်ရှု အပန်းဖြေနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက်ဝန်ကြီးဌာန စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တက်ရောက်ကြည့်ရှု

ရန်ကုန် ဧပြီ ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ (၁၆)ကြိမ်မြောက် ဝန်ကြီးဌာနမိသားစု စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဟသ်ာတဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဓမ္မာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ချီးမြှင့်သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဇနီးဒေါ်နီနီဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ဝဲပုံ)

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်၏ ဦးစီးပဓာန နာယကဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကိုရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း သည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး အမှူးပြုသော အလှူရှင်များသည် ယနေ့နံနက်ပိုင်းတွင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် စုပေါင်း ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာသိမ်ဆင်းလောင်းလှူပွဲ၌ ဒုလ္လဘရဟန်းအပါး ၂၁၀နှင့် သာမဏေ ၆၇ပါးတို့အား သိမ်ဆင်းလောင်းလှူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဖန်ခါးစမ်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများစစ်ဆေး

နေပြည်တော် ဧပြီ ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၅ရက် နံနက်ပိုင်းက ရေနံချောင်းမြို့ ဖန်ခါးစမ်းဥယျာဉ်သို့ ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖန်ခါးစမ်းဒေသ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများစိုက်ပျိုးထားရှိမှု၊ ရေရရှိအောင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ပျိုးဥယျာဉ်နှင့်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ချောက်မြို့ ရွှေပုံတောင်သို့ ရောက်ရှိပြီး ၂၀၀၇ခုနှစ် တမာစိုက်ခင်း ဧက ၉၀၀ကိုလည်းကောင်း၊ ဆက်လက်၍ ဝန်ကြီးသည် ဆိပ်ဖြူမြို့အမှတ် (၁၂၄)သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ခွဲစိတ်ပြီးသစ်ခွဲသားများ၊ စက်လည်ပတ်မှု အဆင့်ဆင့်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မင်းဘူး သစ်ထုတ်လုပ်ရေး ဒေသ တယ်ပင်သစ်ဆိပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌မကွေးတိုင်းသစ်ထုတ်ရေး ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးသန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က လုပ်ငန်း ဆောင်ရွက်နေမှု၊ သစ်ထုတ်ရရှိမှု၊ သစ်လုံးများ သယ်ယူထုတ်ထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက် ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ဝန်ကြီးသည် ဆောမြို့နယ် စစ်ကြိုးပိုင်း ၂၀၀၆ခုနှစ် စီးပွားရေးကျွန်း စိုက်ခင်းဧက ၁၀၀သို့ ရောက်ရှိကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ကဇွန်းမသစ်ဆိပ်

ဝန်ကြီးသည် ညနေပိုင်းတွင် မကွေးတိုင်း သစ်ထုတ်လုပ်ရေးဒေသ ကဇွန်းမသစ်ဆိပ်သို့ ရောက်ရှိရာ ချင်းပြည်နယ် သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသန်းက ချင်းပြည်နယ် ကလေးသစ်ထုတ်ရေးဒေသ၏ သစ်ထုတ်လုပ်ငန်းများ၊ သစ်လုံးများ သယ်ယူနေမှု၊ နောင်နှစ်တွင် သစ်ထုတ်လုပ်ရန်စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၆ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင် ကြိုးဝိုင်း ၂၀၀၄ခုနှစ် သီးခြားကျွန်း စိုက်ခင်း ဧက ၃၀၀၊ ၂၀၀၅ ခုနှစ် သီးခြားကျွန်း စိုက်ခင်းဧက ၈၀၀နှင့် ၂၀၀၇ ခုနှစ် သစ်မျိုးစုံ (ယင်းမာ)စိုက်ခင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသင်္ကြန်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသင်္ကြန်
၅:၂၅	၈။	မြန်မာသံစဉ်ချိုနှားဝင်
၅:၃၅	၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မြန်မာသင်္ကြန်
၆:၂၅	၁၄။	ဝတ်စားဆင်ယင်လှစေချင်
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ**(အပိုင်း-၁)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာစား**(အပိုင်း-၈)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၃၄၊ ပေ ၅၀လမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းနေ ဦးခင်လှိုင်-ဒေါ်တင်လှိုင်၊ သား ဗိုလ်ကြီးလှမျိုး(ငြိမ်း)၊ ဗိုလ်ကြီး သန်းသန်းထွေး(ငြိမ်း)၊ မြေး မောင်ရှင်းသန့် မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၃ရက် ညနေ ၆နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး ဒေါ်မာမာရှိန်၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာဆရာဝန်ကြီးများ၊ နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ပြန်လည်နှုတ်ဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးတို့ကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးတို့အား သံအမတ်ကြီး၊ စစ်သံမှူးနှင့် ကောင်စစ်ဝန်ချုပ်တို့ ဦးဆောင်၍ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာနိုင်ငံမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများက ဂါရဝပြုကန်တော့ကြသည်။

လက်ဆောင်များပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်တို့က သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ အခြားဝန်ထမ်းများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရသည့် ရည်ရွယ်ချက်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်နေမှုများ၊ သံရုံးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကိုကိုယ်စားပြု၍ လုပ်ကိုင်ဆောင်ရွက်ရာ၌ ခံယူရမည့် သဘောထားများ၊ ပြည်ပသို့ရောက်ရှိနေသော မိမိတို့နိုင်ငံသားများအား ကူညီစောင့်ရှောက်ရန် လိုအပ်ပုံနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့က ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာ၌ အဓိကလိုအပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့်အခြေအနေ၊ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးဖြစ်ထွန်းရေးအတွက် လုပ်ကိုင်ဖော်ဆောင်သင့်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေကြသည့် မြန်မာဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ အခြားဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်အောင် လေးမျက်နှာမဟာစည်ဆရာတော် တရားပွဲများ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏နာယက မြန်အောင်လေးမျက်နှာ မဟာစည်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သည် ဧပြီ၁၂ရက် မွန်းလွဲ၂နာရီတွင် ပြည့်စုံအေးမဟာစည် မြောက်ဥက္ကလာပတရားပွဲ၊ ညနေ၄နာရီတွင် လယ်တီစံမဟာစည် ပုဇွန်တောင်တရားပွဲ၊ ည သော်တုန်းမြို့နယ် ဥတို့ရွာတရားပွဲ၊ ၁၃ရက် နံနက်နှင့်နေ့ မဟာစည်သာသနာ့ရိပ်သာကြီး ဖလ်ယဉ်တရားပွဲ၊ ည နန္ဒဝန်တရားစခန်း တာမွေ၊ ၁၄ရက် မွန်းလွဲ၂နာရီ သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် သဃ်န်းကျွန်း၊ ည ကျိုက်ဒေးယျုံ မဟာစည် သန်လျင်မြို့၊ ၁၅ရက်မှ ၁၉ရက်အထိ ဥတို့ရွာ သော်တုန်းမြို့နယ် ညတရား၊ ၂၁ရက်တွင် မြန်အောင်မြို့ ဒေါ်သံဝရဉာဏ် အလှူတရားပွဲနှင့် ၂၂ရက်တွင် ဦးတက်တိုး-ဒေါ်ဝင်းဝင်းမာ သစ်တောဦးစီးမှူး အလှူတရားပွဲ၊ ၂၅ရက်မှ ၃၀ရက်အထိ ရွှေလောင်းဘွတ်တန်း တရားစခန်းပွဲ၊ မေ ၁၁ရက်မှ ၁၆ရက်အထိ ကြံခင်းမြို့ ပေါက်တိုင်းရွာ တရားစခန်းပွဲများ၌ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ ခါသကြံ်န်အဆိုအကများ
၇:၅၀	၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀	၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၃၀	၇။ International News.
၈:၄၀	၈။ Local Talent
၈:၅၀	၉။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။ ခါသကြံ်န်အဆိုအကများ
၄:၂၅	၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၄၀	၄။ အတီးပြိုင်ပွဲ
၄:၅၅	၅။ ခါသကြံ်န်အဆိုအကများ
၅:၁၀	၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၇။ ညနေခင်းသတင်း
၆:၃၀	၈။ မိုးလေဝသအခြေအနေ
၆:၃၅	၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀	၁၀။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၀	၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.....ချစ်တယ်** (အပိုင်း-၁၃)
၈:၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ တေးဂီတအစီအစဉ်
	၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **'မေတ္တာမျှဉ်းပြိုင်'** (အပိုင်း-၁၉)

သကြံန်တွင်းလယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း ပရိယတ္တိ သဒ္ဓမ္မာရုံကျောင်းတိုက်၌ ပဋ္ဌမအကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းကို ဧပြီ၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် လွတ်လပ်ရေးကျောင်း၏ ပဓာနနာယကဆရာတော် ဦးအာစရိယထံ စာရင်းကြိုတင်ပေးသွင်း၍ ဧပြီ ၁၁ရက် ညနေ ၅နာရီအရောက် လာရောက်ရမည်ဖြစ်သည်။ တရားစခန်းရက်တွင် ဆွမ်းလှူဒါန်းလိုပါက အရုဏ်ဆွမ်း ကျပ် ၅၀၀၀၀၊ နေ့ဆွမ်း ကျပ် ၈၀၀၀၀၊ အချိုရည် ကျပ်၂၀၀၀၀တို့ဖြစ်သည်။ ဖုန်း-၇၀၅၄၁၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

8-4 (03).pmd 1 4/8/2008, 2:39 AM

အမေရိကန်တပ်ပွဲ့များနှင့် အီရတ်တိုက်ခိုက်ရေးသမားများ ဘဂ္ဂဒက်၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွား

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ဧပြီ ၆ ရက်က မက်ဒီစစ်သွေးကြွအုပ်စုနှင့် အမေရိကန်၊ အီရတ်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲကြီးတစ်ရပ်ဖြစ်ပွား**(ယာပုံ)**ခဲ့၍ လူပေါင်း ၂၀ သေဆုံးခဲ့ကြောင်း အီရတ်ဆေးရုံသတင်းရပ်ကွက်မှ တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ဆာဒါစီးတီးအရပ်၌ ဖြစ်ပွားခဲ့သော အဆိုပါတိုက်ပွဲများအတွင်း သေဆုံးသူများတွင် အမျိုးသမီးများနှင့်ကလေးများပါဝင်ပြီး ၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။

အများစုနေထိုင်

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌ ရှီးယိုက်အများစုနေထိုင်ပြီး မက်ဒီစစ်သွေးကြွ အများဆုံးနေထိုင်ရာ အရပ်ဖြစ်ကြောင်း သိရသည်။

တိုက်တွန်းဆော်ဩ

စစ်သွေးကြွတိုက်ခိုက်ရေးခေါင်းဆောင် မော်တာရာက ၄င်း၏ တပ်ဖွဲ့ဝင်များအား အမေရိကန်တပ်များကို တိုက်ခိုက်သွားရန် တိုက်တွန်းဆော်ဩလိုက်သည်။

ကြေညာ

အမေရိကန်တို့က ဆာဒါစီးတီးအရပ်ကို လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း၊ ကိုးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

ထိုနေ့က အီရတ်အစိုးရနှင့် အမေရိကန်သံရုံးအခြေစိုက်သည့် အစိမ်းရောင်ဒေသကို တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

၂၀၀၉ခုနှစ်၌ ကျင်းပမည့်အင်ဒိုနီးရှား ရွေးကောက်ပွဲ နိုင်ငံရေးပါတီသစ် ၂၄ခု အသိအမှတ်ပြုဖွဲ့စည်း

ဂျကာတာ ဧပြီ ၇

အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံရေးပါတီသစ် ၂၄ခုကို ဥပဒေနှင့် လူသားအခွင့်အရေး ဝန်ကြီးဌာနက စစ်ဆေးအတည်ပြုခဲ့ပြီးနောက် တရားဝင်နိုင်ငံရေး အဖွဲ့အစည်းများဖြစ်လာကြောင်း ဂျကာတာပို့စ်သတင်းစာက ဧပြီ ၅ရက်တွင် ဖော်ပြသည်။

အတည်ပြု

မှတ်ပုံတင်ထားသော နိုင်ငံရေး ပါတီအဖွဲ့အစည်းပေါင်း ၁၁၅ခု ရှိရာတွင် ၂၄ခုသာလျှင် ဝန်ကြီးဌာနက အတည်ပြု ဖွဲ့စည်းခွင့်ပေးသည်။ ယင်းပါတီအဖွဲ့အစည်း ၂၄ခု၏ ရုံးများကို အနည်းဆုံးပြည်နယ် ၂၀တွင် ထားရှိမည်ဖြစ်ကြောင်း ၄င်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး အိုက်ဒီယာအမင်ဒေါက်က ပြောကြားသည်။

စစ်ဆေး

အသိအမှတ်ပြုဖွဲ့စည်းလိုက်သော ပါတီ ၂၄ခုသည် နိုင်ငံသားများကို အခြေခံသည့် ပါတီများဖြစ်သည်။ ယင်းပါတီများတွင် ၂၀၀၄ခုနှစ်က သမ္မတရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားသော ကြည်းတပ်ဦးစီးချုပ်ဟောင်းဝီရန်တို့ ဦးဆောင်သော ပြည်သူ့ ကွန်ဆိုင်းရင့်ပါတီလည်း ပါဝင်သည်။ အင်ဒိုနီးရှားရွေးကောက်ပွဲ ကော်မရှင်က၂၀၀၉ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် လာမည့်မေလမှစ၍ မှတ်ပုံတင်ထားသော ပါတီများကို စတင်စစ်ဆေးရန် စီစဉ်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ဝန်း၌ တရုတ်စကားသင်ယူသူ ၂၀၀၇ ခုနှစ်တွင် ၁၃၀၀၀၀ခန့်ရှိခဲ့

ပေကျင်း ဧပြီ ၇

၂၀၀၇ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း တရုတ်ဘာသာစကားကျွမ်းကျင်မှု စာမေးပွဲဝင်ရောက်ဖြေဆိုသူပေါင်း ၁၃၀၀၀၀ရှိကြောင်း တရုတ်ဘာသာကို နိုင်ငံခြား ဘာသာစကားအဖြစ် သင်ကြားပေးရေးရုံးက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ပြောကြား

တရုတ်ဘာသာစကားကျွမ်းကျင်မှု စစ်ဆေးသည့် စာမေးပွဲများကို ၂၀၀၇ခုနှစ်အတွင်း နိုင်ငံနှင့် ဒေသပေါင်း ၃၅ ခု၌ စာဖြေဌာနပေါင်း ၆၆ ခု ထားရှိကျင်းပခဲ့ကြောင်း တရုတ်ဘာသာစကား ကျွမ်းကျင်မှုသင်ကြားရေး ညွှန်ကြားရေးမှူး ကျူလင်းက ဧပြီ ၆ရက်တွင် ကျင်းပသော အစည်းအဝေးတစ်ရပ်၌ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုင်းထိ၍ ဒုက္ခိတ ဖြစ်နေသူ ကမ္ဘာတစ်ဝန်း သန်းဝက်နီးပါးရှိ

ဂျီနီဗာ ဧပြီ ၇

ကမ္ဘာတစ်ဝန်းမြေမြှုပ်မိုင်းနှင့် စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရပြီး မသေဆုံးဘဲ အသက်ရှင်ကျန်ရစ်နေသော ပြည်သူ သန်းဝက်နီးပါးအတွက် ကူညီထောက်ပံ့မှုများပေးကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဧပြီ ၄ရက်တွင် မေတ္တာရပ်ခံ တိုက်တွန်းလိုက်သည်။

ပေးပို့

ထိုဘေးဒုက္ခများမှ အသက်မသေဘဲ ကျန်ရစ်နေသောသူများသည် ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းမရှိမှု၊ ဘဝပြန်လည်ထူထောင်ရေးအတွက် ရုန်းကန်ကြိုးစားနေရမှု စသော ဘေးအန္တရာယ်အမျိုးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဧပြီ ၄ရက်က မိုင်းများအန္တရာယ်သတိမူရေး ကျင်းပသော နိုင်ငံတကာ အခမ်းအနားတစ်ခုသို့ သဝဏ်လွှာတစ်စောင် ဘန်ကီမွန်းက ပေးပို့ခဲ့သည်။

၂၀၀၇ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း မိုင်းများရှင်းလင်းရေးနှင့် ပညာပေးဆောင်ရွက်နိုင်မှုတို့ကြောင့် မိုင်းအန္တရာယ်မှလူပေါင်း ၆၀၀၀ခန့်၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပီရူးနိုင်ငံ ကာဂျာမာကာဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းကာ တံတားပျက်စီးခဲ့မှုကြောင့် ပြည်သူတစ်ဦး ယာယီတံတားပေါ်၌ ကြိုးတန်းဖြင့် ဖြတ်ကူးနေသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဒါကြောင့်ပါ....

အသက် ၃၅နှစ်အရွယ် အပျိုကြီးတစ်ဦး ကားမှတ်တိုင်၌ ကားစောင့်နေစဉ် ချောမောသော လူငယ်တစ်ဦးက တစ်ချိန်လုံး ပြုံးကြည့်နေသဖြင့် အပျိုကြီးရှက်သွေးဖြာလျက်ရှိနေစဉ် ဘတ်စ်ကားရောက်လာ၍ ကားပေါ်တက်လိုက်ရာ ချောမောသော လူငယ်လည်း တက်လိုက်ခဲ့သည်။

အပျိုကြီး ။ ။ ဘာဖြစ်လို့လိုက်လာတာလဲ…လေသံတိုးတိုးဖြင့် မေးသည်။

လူငယ် ။ ။ လူငယ်က ဘာမှမပြောဘဲ ပြုံးပြလိုက်သည်။

အပျိုကြီး ။ ။ **(အပျိုကြီးက နေရာရွှေ့လိုက်ရာ လူငယ်ကလည်း လိုက်ရွှေ့နေသဖြင့်)**
ဘာဖြစ်လို့ အနားလိုက်ကပ်နေတာလဲ…

လူငယ် ။ ။ "အဟဲ" **လူငယ်က မပွင့်တပွင့်ပြုံးလိုက်ရာ…**

အပျိုကြီး ။ ။ ကဲ…ပြုံးပဲပြုံးနေ‥ဘာမှလဲမပြောဘူး
ထိုအခါ လူငယ်ကပြောလိုက်သည်မှာ…

လူငယ် ။ ။ "ကျွန်တော် စိတ္တဇဆေးရုံက ထွက်လာတာ ဘယ်သွားရမှန်းမသိလို့‥"

အပျိုကြီး ။ ။ **"ရှင်"**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ပြစ်မှုကြွေး ပေးဆပ်ရမည်သာ....

ယိုကိုဆူကာမြို့သည် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းတွင် တည်ရှိကာ လူဦးရေ ငါးသိန်းကျော်နေထိုင်ပြီး သာယာလှပသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ တိုကျိုမြို့၏ တောင်ဘက်တွင်ရှိပြီး တိုကျိုပင်လယ်အော်သို့ ထွက်နိုင်သည့် ဝင်ပေါက်ထွက်ပေါက်လည်း ဖြစ်သည်။

ရောက်ရှိ

အမေရိကန်ရေတပ်တွင် တာဝန်ထမ်းဆောင်နေသော သင်္ဘောသားဖြစ်သည့် အသက် ၂၂နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားအမျိုးသား အိုလာတွန်ဘိုဆန်အပ်ဘိုဂူ **(ယာအလယ်ပုံ)**သည်လည်း ထိုသာယာလှပသော ယိုကိုဆူကာမြို့အနီးရှိ အမေရိကန် စစ်အခြေစိုက်စခန်းသို့ ရောက်ရှိနေသည်။

မခံစား

အပ်ဘိုဂူအနေဖြင့် ပျော်ရာမနေ တော်ရာမှာနေဆိုသကဲ့သို့ သူ၏နိုင်ငံရှိ မွေးရပ်မြေမှ ခွဲခွာပြီး တာဝန်ကျရာဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းရှိ ယိုကိုဆူကာမြို့သို့ ရောက်ရှိနေသော်လည်း သာယာလှပမှု အပြည့်အဝမခံစားနိုင်ပေ။ အကြောင်းမှာ သူ၏ မွေးရပ်မြေတွင် ကျန်ရစ်ခဲ့သော မိဘ၊ ညီအစ်ကိုမောင်နှမများကို လွမ်းဆွတ်သတိရ တမ်းတနေမိသကဲ့သို့ ဆင်းရဲသော သူ၏ မိသားစုအား စီးပွားရေးတွင် ချောင်ချောင်လည်လည်ဖြစ်အောင် သူ့အနေဖြင့် မစွမ်းဆောင်နိုင်သည့် အတွက် သူ့ကိုယ်သူ အားမလိုအားမရဖြစ်နေမိသောကြောင့်ပင်တည်း။ ထို့ကြောင့် သူသည် သူ၏လစာကို အိမ်သို့ပြန်ထောက်ပံ့နိုင်ရန်အတွက် ခြိုးခြံချွေတာကာ နေထိုင်စားသောက်ခဲ့လေသည်။ ထို့အတွက် အပ်ဘိုဂူမှာ လူငယ်လူရွယ်ဖြစ်သော်လည်း ငွေကြေးကို ဖောဖောသီသီ မသုံးနိုင်သကဲ့သို့ လွတ်လပ်ပျော်ရွှင်မှုကိုလည်း အပြည့်အဝ မခံစားနိုင်ရှာပေ။

အပ်ဘိုဂူသည် ငွေကြေးကို ချွေတာစုဆောင်းနေရသဖြင့် ငွေကြေးနှင့် ပတ်သက်လျှင် နှမြောတွန့်တိုစေ့ကုတ်သူတစ်ဦးလည်း ဖြစ်လာလေသည်။ သို့သော်လည်း ၂၀၀၈ခုနှစ် မတ်လ ၁၉ရက်နေ့တွင်မူ အလုပ်အားလပ်သဖြင့် လူငယ်ပီပီ ငွေကြေးကို မနှမြောနိုင်တော့ဘဲ ယိုကိုဆူကာ မြို့တွင်းသို့ သွားရောက် လည်ပတ်ခဲ့လေသည်။ ထိုနေ့တစ်နေ့လုံးအားလပ်သဖြင့် တက္ကစီတစ်စီးကို တစ်နေကုန်ငှားကာ စိတ်လွတ်ကိုယ်လွတ်လျှောက်လည်ခဲ့သည်။ သူ့အနေဖြင့် ယခင်တစ်ကြိမ်ကလည်း ယခုယာဉ်မောင်းဖြင့်ပင် ထိုသို့လည်ပတ်ဖူးခဲ့ရာ ထိုစဉ်က တက္ကစီ တစ်နေကုန်ငှားခမှာ ဒေါ်လာ ၁၀၀ ကျလေသည်။ ထို့ကြောင့်ပင် ယခု သူငှားစီးသော တက္ကစီမှာလည်း ယခင်တစ်ခေါက်ကကဲ့သို့ပင် ဒေါ်လာ၁၀၀ သာကျမည်ဟု ထင်မှတ်ထားခဲ့လေသည်။

ဖန်တီး

ထို့ကြောင့်လည်း တက္ကစီငှားခကို အထွေအထူးမေးမြန်းမှု မပြုခဲ့တော့ပေ။ ထိုကဲ့သို့ ကားခကိုဈေးနှုန်းမမေးမြန်းခဲ့ခြင်းနှင့် ငွေကြေးကို နှမြောတွန့်တိုခဲ့မှုကပင် သူ့အား သောကပင်လယ်ဝေစေခဲ့ပြီး ဒုက္ခနွံတွင်းသို့ သက်ဆင်းမိအောင် ဖန်တီးခဲ့လေသည်။

အပ်ဘိုဂူသည် တစ်နေ့တာကို သူငှားရမ်းထားသောကားဖြင့် မြို့အနှံ့သွားရောက်လည်ပတ်ခဲ့ပြီးနောက် သူနေထိုင်ရာ စစ်အခြေစိုက်စခန်းသို့ ယင်းကားဖြင့်ပင် ပြန်ခဲ့လေသည်။ ထိုအချိန်ကား ညနေမှောင်ရီပျိုးစအချိန်သို့ရောက်နေပြီး လူသူရှင်းစပြုနေပြီးဖြစ်သည်။ သူနေထိုင်ရာစစ်အခြေစိုက်စခန်းမှာ ကားလမ်းမှ မိုင်ဝက်ခန့်ဝေးသဖြင့် လမ်းဆင်းလျှောက်ရမည် ဖြစ်သည်။

ဖြစ်ပွား

ထို့ကြောင့် ကားပေါ်မှ ဆင်းကာ အသက်၆၀ ဝန်းကျင်ရှိ တက္ကစီယာဉ်မောင်း အမျိုးသားကြီးအား ဒေါ်လာ၁၀၀ကို ပေးချေခဲ့လေသည်။ ထိုအခါ ယင်းအမျိုးသားကြီးက ယခုကဲ့သို့ မြို့အနှံ့လိုက်ပို့ခဲ့ရသည့်အတွက် ကားခဒေါ်လာ ၁၉၀ ကျသင့်ကြောင်း ပြောကာ ဒေါ်လာ ၉၀ထပ်မံတောင်းခံလေသည်။ စေ့ကုတ်သော အပ်ဘိုဂူအနေဖြင့် ယခင်တစ်ခေါက်က ဒေါ်လာ ၁၀၀သာကျသင့်သည်ကို ယခုတစ်ခေါက်တွင် ကားခဒေါ်လာ ၉၀ပိုတောင်းသည်ဟု စွပ်စွဲကာ ကျန်သောကားခ ဒေါ်လာ ၉၀ကို ထပ်မပေးချင်တော့ပေ။ ကားသမားအနေဖြင့်လည်း နေရာအနှံ့ စုံစုံလင်လင်ပို့ပေးခဲ့ရမှုအတွက် တန်ရာတန်ကြေးဖြစ်သည့် ဒေါ်လာ ၁၉၀ကို တစ်ပြားသားမျှ မလျှော့ချင်တော့ပေ။ ထို့ကြောင့် တက္ကစီကားသမား အနေဖြင့် ရသင့်ရထိုက်သော ကားခကို အပြည့်အဝ ထပ်တောင်းသကဲ့သို့ အပ်ဘိုဂူအနေဖြင့်လည်း တန်ရာတန်ကြေးထက် ပိုတောင်းသည်ဟုယူဆကာ ထပ်မပေးနိုင်ဟု ငြင်းဆိုရာမှ သူတို့နှစ်ဦးကြားတွင် ပဋိပက္ခ ဖြစ်ပွားခဲ့လေသည်။

လဲကျ

ထိုစဉ်တွင် လူငယ်ပီပီစိတ်ဆတ်သော အပ်ဘိုဂူက သူ့တွင် အသင့်ပါလာသော ဓားမြှောင်ဖြင့် တက္ကစီယာဉ်မောင်း၏ ဘယ်ဘက်နံကြားသို့ တအား ထိုးစိုက်ချလိုက်တော့သည်။ တက္ကစီယာဉ်မောင်းမှာ တုံ့ပြန်ချိန်ပင်မရလိုက်ဘဲ လဲကျ၍အသက်ထွက်သွားတော့သည်။ အပ်ဘိုဂူလည်း တစ်ခါမျှ ရာဇဝတ်မှုမကျူးလွန်ခဲ့ဖူးသဖြင့် ယခုကဲ့သို့ စိတ်လိုက်မာန်ပါလုပ်မှုကြောင့် လူသတ်မှုကို ကျူးလွန်မိသောအခါ အလွန်ပင် တုန်လှုပ်ချောက်ချားသွားလေတော့သည်။ ထို့နောက် တက္ကစီယာဉ်မောင်းထံတွင်ရှိသည့် သူပေးထားသော ဒေါ်လာ ၁၀၀နှင့် ၄င်း၏ငွေထုတ်ကတ်တို့ကို ယူဆောင်ကာ သူ၏ စခန်းဆီသို့ သုတ်ခြေတင်ခဲ့တော့သည်။ အခင်းဖြစ်ပွားချိန်တွင် ထိုနေရာ၌ လူသူလေးပါးကင်းရှင်းချိန်ဖြစ်၍ သူ၏ လုပ်ရပ်ကို လူမသိဟု ယူဆကာ စိတ်ချလက်ချရှိနေခဲ့သည်။

ခြေရာခံမိ

အပ်ဘိုဂူအနေဖြင့် သူယူဆခဲ့သည့်အတိုင်း လဝက်ခန့်မျှ ရာဇဝတ်ဘေးမှ လွတ်မြောက်နေခဲ့သည်။ သို့သော်လည်း တက္ကစီယာဉ်မောင်းထံမှ သူယူလာခဲ့သော ငွေထုတ်ကတ်ကြောင့်ပင် သူ့အား ဂျပန်ရဲတပ်ဖွဲ့က ဧပြီ ၃ရက်တွင် ခြေရာခံမိတော့သည်။

တရားစွဲ

ထိုနေ့တွင်ပင် သူ့အား ရဲတပ်ဖွဲ့က ဖမ်းဆီး တရားစွဲဆိုခဲ့သည်။ အပ်ဘိုဂူအားစောစောပိုင်းဖြစ်သည့် မတ် ၂၂ရက်ကတည်းက အပြင်သို့ ထွက်လည်ပတ်၍ ပြန်လာပြီးနောက် အမေရိကန်ရေတပ်က တပ်ပြေးမှုဖြင့် ဖမ်းချုပ်ခံထားရသူဖြစ်သည်။ သူ၏ စိတ်လိုက်မာန်ပါမှုကြောင့် သေဆုံးသွားသည့် တက္ကစီယာဉ်မောင်းမှာ အသက် (၆၁)နှစ်အရွယ်ရှိ မာဆာကီတာကာဟာရှီဆိုသူ အမျိုးသားကြီး ဖြစ်သည်။

ပေးဆပ်

ယခုဖြစ်ရပ်တွင် အိုလာတွန်ဘိုဆန်အပ်ဘိုဂူ အနေဖြင့် ယခင်က မိမိစီးနင်းခဲ့ဖူးသော်လည်း ကားစီးခကို မေးမြန်းရန်တာဝန်ရှိသည်ကို မမေးမြန်းဘဲ စီးနင်းခဲ့ပြီး ငွေကြေးကို နှမြောတွန့်တိုခဲ့မှုကြောင့် တစ်ခါမျှ မကျူးလွန်ဖူးသောရာဇဝတ်မှုကို စိတ်လိုက်မာန်ပါ ကျူးလွန်ခဲ့မိ၍ ပြစ်မှုကြွေးကို ပေးဆပ်ရမည်သာ ဖြစ်ရာ သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ရေးသားလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် -ကိုးကားရေးဖွဲ့သည်

သာယာလှပသော စိန့်ဗင်ဆင့်နှင့် ဂရင်နေဒင်နိုင်ငံ

သတင်းအက်ဆေး

စိန့်ဗင်ဆင့်နှင့် ဂရင်နေဒင်နိုင်ငံသည် ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ စိန့်ဗင်ဆင့်ကျွန်းသည် ပြည်သူအများစုနေထိုင်သည့်ကျွန်းဖြစ်ပြီး တောတောင်များနှင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ အတွင်းပိုင်းတွင် မိုးသစ်တောများ ရှင်သန်သည်။ မြောက်ပိုင်း၌ လာဆူဖရီမီးတောင်ရှင် တည်ရှိသည်။

ကင်းဝေး

ဂရင်နေဒင်ကျွန်းစုတွင်ကျွန်းများ၊ ကမ်းနီးသောင်တိမ်များ ပါဝင်သည်။ ထိုကျွန်းများ အနက် မူစတစ်၊ ပမ်းကျွန်းနှင့် ယူနီယံကျွန်းများသည် ချမ်းသာကြွယ်ဝသူများနှင့် ထင်ပေါ် ကျော်ကြားသူများ ဓာတ်ကျသည့်နေရာများဖြစ်သည်။ ထိုကျွန်းများတွင် လှပသောပင်လယ် ကမ်းခြေများရှိသည့်အပြင် အပျော်စီးရွက်လှေနှင့် ရေအောက်စူးစမ်းရေးအားကစား အစီအစဉ်များ စီမံထားရှိသည်။ ဤကစားကွင်းများမှာ အလုပ်လက်မဲ့ဗင်ဆင့်ကျွန်းသား အများအပြားနှင့် ကင်းဝေးသည့် သီးခြားကမ္ဘာများဖြစ်သည်။

လည်ပတ်

ဤနိုင်ငံမှကျွန်းများတွင် တိုင်းရင်းသားအာရာဝပ် အိန္ဒိယလူမျိုးများ နေထိုင်သည်။ ၁၃၀၀ ပြည့်နှစ်တွင် တောင်အမေရိကမှ ကရစ်အိန္ဒိယရှိလူမျိုးများ တိုက်ခိုက်သိမ်းပိုက်သည်။ ၁၄၉၈ ခုနှစ် စိန့်ဗင်ဆင့်နေ့တွင် ဤကျွန်းများအနက် အဓိကကျွန်းပေါ်သို့ ခရစ္စတိုဖာ ကိုလံဘတ် လာရောက်လည်ပတ်သည်။ ၁၇၈၃ ခုနှစ်တွင် စိန့်ဗင်ဆင့်ကျွန်းမှာ ဗြိတိသျှ ကိုလိုနီတစ်ခု ဖြစ်လာသည်။

သေဆုံး

၁၇၉၅-၁၇၉၇ ခုနှစ်များတွင် ပုန်ကန်မှုပေါ်ပေါက်ပြီးနောက် ပြင်သစ်အကူအညီဖြင့် ကရစ်လူမျိုး ၅၀၀၀ကို ဗြိတိန်က ဘီလိဇ်နိုင်ငံသို့ နှင်ထုတ်လိုက်သည်။ လာဆူဖရီမီးတောင်သည် ၁၈၁၂ ခုနှစ်တွင် ပေါက်ကွဲသဖြင့် လူအများအပြား ဒဏ်ရာရသည်။ ၁၉၀၂ ခုနှစ်တွင် ဒုတိယအကြိမ် မီးတောင်ပေါက်ကွဲသဖြင့် လူ၂၀၀၀သေဆုံးသည်။

လွတ်ငြိမ်းခွင့်ပေး

၁၈၃၄ ခုနှစ်တွင် ကျွန်စနစ်ဖျက်သိမ်းသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များက ကျွန် ၁၈၀၀၀ကျော်ကို လွတ်ငြိမ်းခွင့်ပေးလိုက်သည်။ ၁၉၅၁ ခုနှစ်တွင် စိန့်ဗင်ဆင့်ကျွန်းတွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရသည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် စိန့်ဗင်ဆင့်နှင့် ဂရင်နေဒင်နိုင်ငံ လွတ်လပ်ရေးရသည်။ စိန့်ဗင်ဆင့်လေဘာပါတီ(အက်စ်ဗီအယ်ပီ)ခေါင်းဆောင် ဟီလ်တန်ကာကို ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၄ ခုနှစ် ရွေးကောက်ပွဲတွင် နယူးဒီမိုကရက်တစ်ပါတီ (အင်ဒီပီ) အနိုင်ရပြီး ဂျိမ်းမစ်ချယ် ဝန်ကြီးချုပ်ဖြစ်လာသည်။

ကြိုးပမ်း

၂၀၀၁ ခုနှစ် မတ်လရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ရပ်ဖ်ဂွန် ဆာဗက်သည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် ဤနိုင်ငံသည် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် ညီညွတ်သော အလုပ်သမားပါတီ(ယူအယ်ပီ)အနိုင်ရပြီး ဝန်ကြီးချုပ် ရပ်ဖ်ဂွန်ဆာဗက် ဒုတိယသက်တမ်း အာဏာရသည်။ အမျိုးသားသင့်မြတ်ရေးကို ဦးစားပေးသည့် လုပ်ငန်းအဖြစ် သတ်မှတ်ကာ ဝန်ကြီးချုပ် ရပ်ဖ်ဂွန်ဆာဗက် ကြိုးပမ်းလျက်ရှိသည်။

လုံးပန်း

အလုပ်လက်မဲ့ဦးရေ များပြားသည့်အလျောက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ များလာသည်။ ငှက်ပျောသီးတင်ပို့မှုအပေါ် မှီခိုရသည့် စီးပွားရေးကို ပြုပြင်ရန် လုံးပန်းလျက်ရှိသည်။

ခရီးသွားလုပ်ငန်းမှာ ဤကျွန်းစုနိုင်ငံအတွက် အလားအလာကောင်းသည့် လုပ်ငန်းဖြစ်သည်။ အခြားသော ကာရစ်ဘီယံဒေသ နိုင်ငံများကဲ့သို့ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုများ နှိမ်နင်းရေးမှာ ဤနိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရသည့် တာဝန်တစ်ရပ်ဖြစ်သည်။

ကောင်းမွန်

မည်သို့ပင်ဆိုစေ စိန့်ဗင်ဆင့်နှင့် ဂရင်နေဒင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ အလားအလာ ကောင်းမွန်သည့်စီးပွားရေး လုပ်ငန်းဖြစ်သည်ကိုမူ မည်သူမျှ မငြင်းနိုင်ပါပေ။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဂရင်နေဒင်ကျွန်းစုတွင်ကျွန်းများ၊ ကမ်းနီးသောင်တိမ်များပါဝင်၊ ထိုကျွန်းများ အနက် မူစတစ်၊ ပမ်းကျွန်းနှင့် ယူနီယံကျွန်းများသည် ချမ်းသာကြွယ်ဝသူများနှင့် ထင်ပေါ် ကျော်ကြားသူများ ဓာတ်ကျသည့်နေရာများဖြစ်၊ ထိုကျွန်းများတွင် လှပသောပင်လယ်ကမ်းခြေများ ရှိသည့်အပြင် အပျော်စီးရွက်လှေနှင့် ရေအောက်စူးစမ်းရေးအားကစား အစီအစဉ်များစီမံထားရှိ၊ ဤကစားကွင်းများမှာ အလုပ်လက်မဲ့ဗင်ဆင့် ကျွန်းသားအများအပြားနှင့် ကင်းဝေးသည့် သီးခြားကမ္ဘာများဖြစ်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၇-၄-၂၀၀၈

ကမ္ဘောဒီးယားဘုရင် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲတက်ရောက်မည်

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်စီဟာမိုနီသည် ၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

တရုတ်နှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံသံတမန် ဆက်ဆံရေးသည် နှစ် ၅၀ တိုင်ခဲ့ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန် ရှင်သန်နေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ တာလီဘန်ခေါင်းဆောင်တစ်ဦးဖမ်းမိ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တာလီဘန်အဆင့်မြင့်ခေါင်းဆောင်တစ်ဦးဖြစ်သူ အာဘူဂျာဘာအား ဖမ်းဆီးမိခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ကပြောကြားသည်။

ဖမ်းဆီးရမိသည့်နေရာမှာ ကန်ဒါဟာပြည်နယ်အတွင်းဖြစ်ပြီး အာဘူဂျာဘာသည် တာလီဘန်စစ်ဘက်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လက်ဘနွန်ဝန်ကြီးချုပ် အီဂျစ်သမ္မတနှင့်တွေ့ဆုံ

လက်ဘနွန်ဝန်ကြီးချုပ် ဖို့ဒ်ဆီနီရိုရာသည် အီဂျစ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိလာကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

လက်ဘနွန်ဝန်ကြီးချုပ်အနေဖြင့် လက်ဘနွန်သမ္မတရွေးချယ်မှုပြဿနာနှင့် ပတ်သက်ပြီး ဝိုင်းဝန်းကူညီ ဖြေရှင်းရန်အတွက် အီဂျစ်သမ္မတ ဟို့စ်စနီမူဘာရက်နှင့် တွေ့ဆုံဆွေးနွေးကြသည်။

နယူးဇီလန်ဝန်ကြီးချုပ် တရုတ်သို့ရောက်ရှိ

နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလက်သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အလည်အပတ်ခရီး ရောက်ရှိလာကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နယူးဇီလန် ဝန်ကြီးချုပ်သည် တရုတ်နိုင်ငံ၌ ဧပြီ ၆ ရက်မှ ၈ရက်အထိ နေထိုင်လည်ပတ်မည်ဖြစ်ပြီး တရုတ်နှင့် လွတ်လပ်စွာကုန်သွယ်ရေး စာချုပ်လည်း ချုပ်ဆိုနိုင်ရန် ကြိုးစားသွားမည်ဟု ၎င်းတို့က ပြောကြားသည်။

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးကြောင့် တစ်ဦးသေဆုံး

အီဂျစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် လူငယ်တစ်ဦး သေဆုံးသွားကြောင်း အီဂျစ်နိုင်ငံမှ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

သေဆုံးသူမှာ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး ကိုင်ရိုမြို့ မြောက်ဘက် ကီလိုမီတာ ၁၃၀ ခန့်အကွာ ဘီဟိမ်ရာမြို့မှဖြစ်သည်။ အီဂျစ်၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ၂၁ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

အစ္စရေးနှင့်ပါလက်စတိုင်း ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်မည်ဟုမျှော်လင့်

ယခုနှစ်ကုန်တွင် အစ္စရေးတို့နှင့် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ၌ ပါလက်စတိုင်းနှင့်အစ္စရေးတို့ ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေး သဘောတူညီခဲ့ကြသည်။

ဆီးရီးယားနှင့် ဆက်ဆံရေးကောင်းမွန်ရန် အစ္စရေးကြိုးစားမည်

ဆီးရီးယားနှင့် ဆက်ဆံရေးကောင်းမွန်ရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားလိုက်သည်။

ဆီးရီးယားတို့နှင့် အိမ်နီးချင်းဆက်ဆံရေး ကောင်းမွန်ရန်နှင့်ထိပ်တိုက်ရင်ဆိုင်မှုများ မကြုံတွေ့အောင် မိမိတို့အတတ်နိုင်ဆုံးကြိုးစားသွားမည်ဟု အစ္စရေးအရာရှိများက ပြောကြားသည်။

သူတို့အတွေးနှင့် အမြင်

* *Thought is the soul of act.*

အတွေးအခေါ်သည် လုပ်ဆောင်မှု၏ အသက်ပင်ဖြစ်သည်။

သောမတ်စ်ကာလိုင်း(စာရေးဆရာ)

* *The secret of happiness is renunciation.*

ပျော်ရွှင်ခြင်း၏ လျှို့ဝှက်ချက်မှာ စွန့်လွှတ်နိုင်ခြင်းဖြစ်သည်။

အင်ဒရူးကာနက်ဂျီ

(အတွေးအခေါ်ပညာရှင်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ဘရာဇီးနိုင်ငံမြောက်ပိုင်း မာရန်ဟို၊ ပါနမ်ဘူကိုနှင့် စီရာပြည်နယ်များတွင် ဧပြီ ၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့ရာ ၁၅ ဦးသေဆုံးပြီး ဒေသခံပြည်သူ ၅၀၀၀၀ တို့ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။** (အပေါ်ပုံ)

➢ ကနေဒါနိုင်ငံ ကွီဘက်မြို့၌ ဧပြီ ၇ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၀ လုံး မီးလောင်ကျွမ်းခံခဲ့ရသည်။

■ **ဗြိတိန်နိုင်ငံတစ်ဝန်းတွင် ဧပြီ ၆ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု လေးပေအထိ ရှိခဲ့သည်။**

➢ ဟွန်ဒူးရပ်စ်နိုင်ငံ တီဂူစီဂါပါမြို့အနီး အင်ဂျင်ချွတ်ယွင်းမှုကြောင့် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

■ **ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဧပြီ ၇ ရက်က ရထားတစ်စင်း မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**

➢ တရုတ်နိုင်ငံရှိ ယန်စီမြစ်ကမ်းပါးများ ဧပြီ ၇ရက်ကပြိုကျမှုဖြစ်ပွားခဲ့ရာ ယီဒူမြို့အနီး အဆိုးရွားဆုံးဖြစ်သည်။

■ **တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ ဧပြီ ၇ရက်က အပူချိန် ၁၁၀ ဒီဂရီ ဖာရင်ဟိုက်အထိ မြင့်တက်ပြီး အပူလှိုင်းကျရောက်ခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**

➢ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မြောက်ဘက် မိုင်၆၀ခန့်အကွာ မြစ်အတွင်း ဧပြီ ၇ရက် နံနက်က ခရီးသည်တင် စက်လှေကြီးတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၀ ဦးသေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိသည်။

နိုင်ငံတကာသတင်းများ

ဟီလာရီ၊ အိုဘားမားနှင့် ဂျွန်မက်ကိန်း အရှေ့အလယ်ပိုင်းအရေး သဘောထားချင်း များစွာတူညီ

ဝါရှင်တန် ဧပြီ ၇

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သည့်တပ်များ ကျူးကျော်ခဲ့သည်မှာ ယခုအခါ ငါးနှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်သည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ပါတီကြီးနှစ်ရပ်မှ ရွေးကောက်ပွဲဝင်ကြမည့် ပုဂ္ဂိုလ်များအနေဖြင့် အီရတ်စစ်ပွဲနှင့်တကွ အရှေ့အလယ်ပိုင်းဆိုင်ရာ ပြဿနာအပေါ် မည်သို့ရှုမြင်ကြောင်း ထုတ်ဖော်ပြောဆိုစည်းရုံးရန် အခွင့်ကောင်း တစ်ခု ရရှိသလိုဖြစ်သည်။

အရှေ့အလယ်ပိုင်းသည် အမေရိကန်နိုင်ငံခြားရေးဝါဒတွင် ထိပ်တန်းအရေးပါသည့် ဒေသတစ်ခုဖြစ်သည်။ အရေးပါသည့်အလျောက် အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သဘောထားအမြင်များ အသီးသီး ဖော်ထုတ်ဖွင့်ဟကြသည်။

ဂျွန်မက်ကိန်းနှင့် ဟီလာရီကလင်တန်

ဟောပြောပြသ

နိုဝင်ဘာ ၄ရက် သမ္မတရွေးကောက်ပွဲဝင်ရန် တာစူနေကြသည့် ဒီမိုကရက်တစ်ပါတီမှ အိုဘားမားနှင့်ဟီလာရီ၊ ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းတို့သည် အရှေ့အလယ်ပိုင်း၏အရေးပါမှုကို ဟောပြောပြသကြသည်။

စိုးရိမ်

ဂျွန်မက်ကိန်းဆိုလျှင် အစ္စရေးနိုင်ငံ ဆဒါရော့မြို့သို့ အရောက်သွားခဲ့သည်။ အစ္စရေးနိုင်ငံ၏ လုံခြုံမှုအပေါ် သူစိုးရိမ်ကြောင်း ပြောကြားသည်။

အရေးကြီး

ပါတီကိုယ်စားပြု သမ္မတလောင်း ဖြစ်ရေးအတွက် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမားတို့နှစ်ဦးမှာ အကြိတ်အနယ် လုံးပန်းနေရသည်။ အထူးသဖြင့် ဧပြီ ၂၂ရက် (အင်္ဂါနေ့)တွင် ကျင်းပမည့် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲမှာ အလွန်ပင်အရေးကြီးသည်။

အရှေ့အလယ်ပိုင်းနှင့် ပတ်သက်၍ သူတို့သုံးဦး၏ အမြင်များမှာ များစွာကွာခြားခြင်းမရှိဘဲ တူညီသည်ဟု အကဲခတ်သူများက ဝေဖန်သည်။

အိုဘားမားက အစ္စရေးကို မြေပုံမှဖယ်ရှားလိုသည့် အီရန်သမ္မတ အာမက်ဒီနီဂျက်နှင့် တွေ့လိုကြောင်း ပြောကြားသည်။ ဂျွန်မက်ကိန်းကမူ ဆီးရီးယားနှင့် မတွေ့လိုသကဲ့သို့ အီရန်၊ ဟားမတ်စ်၊ ဟဇ်ဘိုလာတို့နှင့်လည်း မတွေ့လိုဟုဆိုသည်။

ပြင်ဆင်နေ

ဟီလာရီကလည်း အစ္စရေးလိုလားသူဖြစ်သည်။ ၂၀၀၆ခုနှစ်က လက်ဘနွန်အား အစ္စရေးတိုက်ခိုက်သည်ကို ဟီလာရီက ထောက်ခံသည်။ အစ္စရေး၏ ရပ်ကွက်ထူထောင် အိုးအိမ်တည်ဆောက်မှုကို မဝေဖန်မိအောင် ဟီလာရီက ရှောင်သော်လည်း အစ္စရေးနယ်ခြားတံတိုင်းခတ်သည်ကိုမူ ထောက်ခံကြောင်း ပြောဆိုသူဖြစ်သည်။ ဟီလာရီနှင့် အိုဘားမားတို့ အပြိုင်စည်းရုံးနေစဉ် မက်ကိန်းမှာမူ သူတို့နှစ်ဦးအနက် တစ်ဦးဦးနှင့် နိုဝင်ဘာ ၄ရက် ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံအနောက်ပိုင်း၌ အမြင့်မီတာ ၂၃၀ရှိ သက်တမ်းရင့် လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်အား ဖြိုချဖျက်ဆီးနေသည်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲကိစ္စ ကြားနာမှု တရားရုံးချုပ်က ရွှေ့ဆိုင်းထား

ဟာရာရေး ဧပြီ ၇

ဇင်ဘာဘွေ သမ္မတရွေးကောက်ပွဲနှင့် ပတ်သက်၍ တရားရုံးက ဝင်ရောက်ဖြေရှင်းပေးရန် ဦးတိုက်လျှောက်ထားရေးအတွက် အတိုက်အခံ အမ်ဒီစီပါတီမှ ရှေ့နေများ တရားရုံးချုပ်သို့ သွားရောက်ရာ၌ ဇင်ဘာဘွေလက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များက တရားရုံးချုပ်အတွင်းသို့ မဝင်ရန်ဟန့်တားထားသည်ဟု ဆိုသည်။

ခြိမ်းခြောက်

ရှေ့နေ အလက်မူချန်ဒါဟားမားက ရဲတပ်ဖွဲ့ဝင်များသည် သူတို့ကို ပစ်သတ်မည်ဟု ခြိမ်းခြောက်ကြောင်း ပြောကြားသည်။

လိုလား

ဧပြီ ၅ ရက်ကကျင်းပသည့် သမ္မတရွေးကောက်ပွဲရလဒ်များကို တာဝန်ရှိသူများအား ထုတ်ပြန်ပေးရန် တရားရုံးချုပ်က အမိန့်ထုတ်ရန် အတိုက်အခံပါတီက လိုလားသည်။

ကြေညာ

ရွေးကောက်ပွဲတွင် သူတို့ခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်း အနိုင်ရကြောင်း အတိုက်အခံပါတီ အမ်ဒီစီက ကြေညာသည်။

ရွှေ့ဆိုင်း

အခြားသောအတိုက်အခံ ရှေ့နေတစ်ဦးဖြစ်သူ အင်ဒရူးမာကိုနီကမူ တရားရုံးချုပ်က ကြားနာစစ်ဆေးမှုကို မူလက ဧပြီ ၆ရက် မွန်းတည့် ၁၂ နာရီတွင် ပြုလုပ်ရန်စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ဧပြီ ၁၃ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ပြောကြားသည်။
(အင်တာနက်)

တရုတ်နိုင်ငံသား ၄၄၀၀၀ ပြည်ပ၌ပညာသင်ပြီး ပြန်ရောက်

ပေကျင်း ဧပြီ ၇

ပြည်ပနိုင်ငံသို့ သွားရောက်လေ့လာပညာသင်သည့် တရုတ်နိုင်ငံသား ၄၄၀၀၀ တို့ ၂၀၀၇ခုနှစ်အတွင်းက တရုတ်ပြည်သို့ ပြန်ရောက်ကြကြောင်း၊ ယင်းမှာ ၂၀၀၆ ခုနှစ်ကထက် ၄ဒသမ ၇၉ရာခိုင်နှုန်းပိုများကြောင်း တရုတ်ပညာရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုအတောအတွင်း တရုတ်နိုင်ငံသား ၁၄၄၀၀၀တို့ နိုင်ငံခြားတိုင်းပြည်များ၌ လေ့လာဆည်းပူးလျက် ရှိသည်ဟုလည်း သိရသည်။ ယင်းအရေအတွက်မှာလည်း ၂၀၀၆ ခုနှစ်ကထက် ၇ဒသမ၉၄ ရာခိုင်နှုန်းပိုများသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဏာခွဲဝေအုပ်ချုပ်သည့် ကင်ညာဝန်ကြီးအဖွဲ့ ဆွေးနွေးသဘောတူညီချက် မရဘဲဖြစ်နေ

နိုင်ရိုဘီ ဧပြီ ၇

ကင်ညာသမ္မတ ကီဘာကီနှင့် ဝန်ကြီးချုပ်အဖြစ်လျာထားသူ အတိုက်အခံပါတီမှ မစ္စတာအိုဒင်ဂါတို့သည် အာဏာခွဲဝေသည့် ဝန်ကြီးအဖွဲ့(ဝဲပုံ) ကိစ္စဆွေးနွေးမှုနှင့် ပတ်သက်၍ ဧပြီ ၆ရက်က ဆွေးနွေးခဲ့ရာတွင် သဘောတူညီမှု မရဘဲဖြစ်နေသည်။

သို့သော်လည်း သမ္မတကီဘာကီနှင့် မစ္စတာအိုဒင်ဂါတို့က ရရှိထားသော တိုးတက်မှုများကိုထိန်းထားလျက် အောင်မြင်မှုရသည်အထိ ဆက်လက်ဆွေးနွေးသွားမည်ဟု ဆိုသည်။

အငြင်းပွားဖွယ်ကောင်းသောသမ္မတ ရွေးကောက်ပွဲသည် အကြမ်းဖက်မှုများ ဖြစ်စေခဲ့ပြီးနောက် ဖေဖော်ဝါရီလတွင် အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူညီချက်ရရှိထားသည်။ **(အင်တာနက်)**

ပေကျင်းအိုလံပစ်ပြိုင်ပွဲများ ပြင်ဆင်ထားမှု အိုင်အိုစီအကြီးအကဲ ကျေနပ်အားရဟုဆို

စင်ကာပူ ဧပြီ ၇

ယခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများအတွက်တရုတ်နိုင်ငံက ပြင်ဆင်ဆောင်ရွက်ထားမှုကို နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ) ဥက္ကဋ္ဌ ဂျက်ကွက်ရော့ဂျေးက ကျေနပ်အားရမှုရှိကြောင်း ဧပြီ ၅ရက်၌ ပြောကြားသည်။

ကျေနပ်

မိမိတို့အနေဖြင့် ပေကျင်းတွင် ကျင်းပမည့် အားကစားပြိုင်ပွဲများအတွက် တရုတ်နိုင်ငံက ပြင်ဆင်ဆောင်ရွက်ထားမှုကို ကျေနပ်နှစ်ထောင်းအားရမိကြောင်း၊ မိမိသည် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပရေး အိုင်အိုစီညှိနှိုင်းမှု ကော်မရှင် အစည်းအဝေးသို့ တက်ရောက်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ အိုလံပစ် အားကစားပွဲကျင်းပရန် ရက်ပေါင်း ၁၂၇ရက်သာ လိုတော့ကြောင်း၊ ပေကျင်း အိုလံပစ် အားကစားပွဲ ကျင်းပရေး ကော်မတီ၏ ပြင်ဆင်ထားမှုအတွက် ကျေနပ်မိကြောင်း ရော့ဂျေးက ပြောကြားသည်။

အလေးအနက်ပြောကြား

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲသည် ကမ္ဘာတွင် အကောင်းဆုံး ပြိုင်ပွဲကြီးများအနက်မှ တစ်ခုဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အိုင်အိုစီ၏ အကူအညီမပါဘဲ တည်ဆောက်ခဲ့ကြောင်း ရော့ဂျေးက အလေးအနက် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား အာကာသယာဉ်မှူး အာကာသသို့ မကြာမီသွားရောက်မည်

ဘိုင်ကိုနာ(ကာဇက်စတန်) ဧပြီ ၇

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးအား လာမည့် သီတင်းပတ်အတွင်း အာကာသသို့ ပို့ဆောင်ပေးမည့် ရုရှားဒုံးပျံလွှတ်တင်ရန် နည်းပညာရှင်များက နောက်ဆုံးအဆင့် စစ်ဆေးပြင်ဆင်မှုများ ပြုလုပ်နေသည်။

စီစဉ်ထား

ဆိုဗီယက်ခေတ်က ထုတ်လုပ်ခဲ့သည့် ဆိုယုဇ်တီအမ်အေ-၁၂ ဒုံးပျံကို ဘိုင်ကိုနာ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဧပြီ ၈ရက်တွင် လွှတ်တင်ပေးရန် စီစဉ်ထားသည်။ ယင်းဒုံးပျံကို အာကာသယာဉ်ဖြင့် တောင်ကိုရီးယား နာဒိုနည်းပညာ အင်ဂျင်နီယာရီဆိုရီယွန်၊ ရုရှား အာကာသယာဉ်မှူး ဆာဂျီဗော်ကော့နှင့် အိုလက်ကိုနိုနင်ကိုတို့လည်း လိုက်ပါသွားကြမည်ဖြစ်သည်။ ယင်းတို့သည် နိုင်ငံတကာ အာကာသစခန်းသို့ ဧပြီ ၁၀ရက်တွင် ရောက်ရှိရန် စီစဉ်ထားသည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနောက်ပိုင်းရှိ ပြုံချန်တောင်အနီး၌ တောင်ကိုရီးယား လေတပ်အခြေစိုက်စခန်းမှ ဂျက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့သည်ကို ဧပြီ ၇ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း နယူးဒေလီမြို့ ဘုရားကျောင်းနှင့်ဝတ်ကျောင်းတော် ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၇

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ Akshardham Temple နှင့် ဘဟိုင်း သာသနာ့ဝတ်ကျောင်းတော်တို့ကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် Akshardham Temple သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား သီးသန့်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ဘုရားကျောင်း၏ သမိုင်းကြောင်းနှင့် တည်ဆောက်ထားသော အနုပညာလက်ရာများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ထပ်မံကြိုဆိုကြပြီးနောက် တာဝန်ရှိသူများက ဘုရားကျောင်းတော်သို့ ဖိတ်ခေါ်ပြသကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေးအဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး၏ အမွေအနှစ်အဖြစ် ကျောက်သားပေါ်တွင် ရုပ်လုံးဖော် တည်ဆောက်ထားသော အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့အပြင် အိန္ဒိယ ရှေးဟောင်းလူနေမှုဘဝအခြေအနေနှင့် ယဉ်ကျေးမှု တိုးတက်ပြောင်းလဲမှုအခြေအနေတို့ကို လှပသက်ဝင်စွာ ဖော်ညွှန်းပြသထားမှုများကိုလည်း ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘဟိုင်း သာသနာ့ဝတ်ကျောင်းတော် (Bahai Temple)သို့ ဆက်လက်သွားရောက်ကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဝတ်ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ နယူးဒေလီမြို့ရှိ ဘဟိုင်းသာသနာ့ဝတ်ကျောင်းတော်တွင် ကြည့်ရှုလေ့လာပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘိုပါးမြို့၏ အရှေ့မြောက်ဘက်ရှိ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗုဒ္ဓဘာသာပြန့်ပွားခဲ့ရာဒေသဖြစ်သည့် ဆန်ချီပုထိုးတော်များ တည်ရှိရာအရပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ရှေးဟောင်းယဉ်ကျေးမှုဌာန လက်ထောက်တာဝန်ခံ P.L Meana နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆန်ချီဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များနှင့် ဘုန်းကြီးကျောင်းများ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘီစီ ၃ရာစုခန့်က မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များဖြင့် အာသောကမင်းတရားကြီးကိုယ်တိုင် ပထမဦးဆုံး စတင်တည်ထားကိုးကွယ်တော်မူခဲ့သည့် ပုထိုးတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကာ အမှတ်တရစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ သာသနာဒါယကာ အာသောကမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော စေတီပုထိုးတော်ဟောင်းများ၊ ကျောင်းတော်ရာဟောင်းများနှင့် ကျောက်တိုင်များစသည့် ရှေးဟောင်းအမွေအနှစ် ကျောက်ဆစ်လက်ရာများကို ကြည့်ရှုလေ့လာကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆန်ချီဒေသသည် ရှေးပဝေသဏီကတည်းကပင် ယဉ်ကျေးမှု အနုပညာလက်ရာ ထွန်းကားသော ဒေသဖြစ်ပြီး အာသောကမင်းတရားကြီးလက်ထက်၌ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်မထေရ်မြတ်တို့၏ ဓာတ်တော်များကို ထည့်သွင်း၌ာပနာကာ စေတီပုထိုးတော်များ တည်ထား ကိုးကွယ်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ ထပ်မံပွားများတည်ထားခဲ့ကြသော်လည်း သာသနာတော်ဆုတ်ယုတ်ကျဆင်းလာသည်နှင့်အမျှ သာသနာ့အဆောက်အအုံများ ပြိုကျပျက်စီး၍ ချုံနွယ်များပိတ်ဖုံးကာ ပျောက်ကွယ်ခဲ့ရသည်။ နောက်ပိုင်း ၁၉ရာစုနှစ်စောစောပိုင်းမှသာ ယခုကဲ့သို့ ရှေးဟောင်းအမွေအနှစ်များကို ပြန်လည်တူးဖော်တွေ့ရှိ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့သည် သီရိလင်္ကာ ဗုဒ္ဓဘာသာအသင်းက ဆောက်လုပ်လှူဒါန်းထားသည့် သီရိလင်္ကာ သိမ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သာသနာ့အဆောက်အအုံများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေးတို့အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သိမ်ကျောင်းဆရာတော်က ဓမ္မလက်ဆောင်အဖြစ် အာသောကမင်း ဆောက်လုပ်လှူဒါန်းကိုးကွယ်တော်မူသည့် ပုံတူ ရွှေပုထိုးတော်ကို ပြန်လည်ပေးအပ်သည်။

ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆန်ချီဒေသမှ ဘိုပါးသို့ ပြန်လည်ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ဘိုပါးမြို့မှ ဂူဂျရက်ပြည်နယ် ဂျမ်နာဂါမြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဧပြီ ၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ကမ်းလွန်၌ ဧပြီ ၇ရက် ဒေသစံတော်ချိန် နံနက် ၆နာရီခန့်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသော မြေငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ အရာရှိများက ပြောကြားသည်။ အဆိုပါ မြေငလျင်ကြောင့် အရှေ့ဂျာဗားပြည်နယ်ရှိ အချို့သော အဆောက်အအုံများ ယိမ်းထိုးသွားခဲ့ကြောင်း၊ အချို့သောအဆောက်အအုံများ လှုပ်ခါသွားကြောင်း ၎င်းတို့က ပြောကြားသည်။

နီပေါ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ခတ္တမန္ဒူ ဧပြီ ၇

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ လူစည်ကားရာ ဈေးတစ်ဈေးအနီး ဧပြီ ၇ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နောက်ထပ် ဗုံးတစ်လုံးပေါက်ကွဲမှုမှာ နယ်စပ်မြို့ဖြစ်သော ဘီရာဂန်မြို့တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခု ဗုံးပေါက်ကွဲမှုများမှာ နီပေါနိုင်ငံ၌ ကျင်းပနေသော ရွေးကောက်ပွဲနှင့် ပတ်သက်မှုရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အိုးထရက်ဖို့ဒ်၌ကစားရမည့်ပွဲ တော့တီမပါနိုင်

လန်ဒန် ဧပြီ ၇

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်၌ ကစားရမည့် မန်ယူနှင့်ပွဲအတွက် ရိုးမားအသင်းတွင် ပထမအကျော့ကဲ့သို့ပင် တိုက်စစ်မှူးတော့တီ မပါဝင်နိုင်ကြောင်း သိရသည်။

တော့တီသည် ခြေသလုံးကြွက်သား ဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားနိုင်ခြင်း မရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

ဝန်ထမ်းများနှင့် ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူး မြင့်အောင်သည် ယနေ့ နံနက် ၁၀နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ တာမွေမြို့နယ် လေးထောင့်ကန်လမ်းမပေါ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရုံးချုပ်)၌ မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင် ယာဉ်လိုင်းများမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၈၅ဦးအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဟောပြောပို့ချခဲ့သည်။

(က-ပ)

ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁)ဒုတိယရဲမှူးမြင့်အောင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဟောပြောစဉ်။ (က-ပ)

၁၃၆၉-၁၃၇၀ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော်နှင့် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယျတု-မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ရက် (တနင်္ဂနွေနေ့)။
- ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ်၊ တာကူးလဆန်း ၈ရက် (တနင်္ဂနွေနေ့)။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၃ရက် (တနင်္ဂနွေနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညစက် ၉နာရီ ၃မိနစ် ၀ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျဖြစ်သည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ရက်၊ ၁၀ရက် (တနင်္လာ၊ အင်္ဂါနေ့) နှစ်ရက်။
- ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ်၊ တာကူးလဆန်း ၉ရက်၊ ၁၀ရက် (တနင်္လာ၊ အင်္ဂါနေ့) နှစ်ရက်။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၄၊ ၁၅ရက် (နှစ်ရက်) တနင်္လာ၊ အင်္ဂါနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက် (ဗုဒ္ဓဟူးနေ့)အဝင်။
- ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ်၊ တာကူးလဆန်း ၁၁ရက် (ဗုဒ္ဓဟူးနေ့)အဝင်။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၆ရက် (ဗုဒ္ဓဟူးနေ့)သည် အဝင်မဟာသင်္ကြန် အတက်ရက်ဖြစ်သည်။
- မြန်မာစံတော်ချိန် နံနက် ၁နာရီ ၇မိနစ် ၄၁စက္ကန့်အချိန်တွင် မဟာသင်္ကြန် အတက်ဖြစ်ပါသည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း ၁ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလဆန်း ၁၂ရက် (ကြာသပတေးနေ့)။
- ရခိုင်သက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တာကူးလဆန်း ၁၂ရက် (ကြာသပတေးနေ့)။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၇ရက်(ကြာသပတေးနေ့)သည် မြန်မာ-ရခိုင်-နှစ်ဆန်း ၁ရက်နေ့ ဖြစ်ပါသည်။

၅။ **၁၃၇၀ ပြည့်နှစ်တွင် အဓိမာသ-အဓိကဝါ(လထပ်-ရက်ငင်)မရှိသောကြောင့်-**
- ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း၊ ရဟန်းတော်အရှင်သူမြတ်တို့မှာ
- မြန်မာ-ရခိုင် ၁၃၇၀ပြည့် ဝါဆိုလပြည့်ကျော် ၁ရက် (သောကြာနေ့)
- ခရစ်နှစ် ၂၀၀၈၊ ဇူလိုင်လ ၁၈ရက် (သောကြာနေ့)တွင် ပထမ ပုရိမ ဝါကပ်တော်မူကြ၍
- မြန်မာ-ရခိုင် ၁၃၇၀ပြည့် ဝါခေါင်လပြည့်ကျော် ၁ရက် (တနင်္ဂနွေနေ့)
- ခရစ်နှစ် ၂၀၀၈၊ ဩဂုတ်လ ၁၇ရက် (တနင်္ဂနွေနေ့)တွင် ဒုတိယ ပစ္ဆိမ ဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အား

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ပြီးနောက် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲလိုသူ ပြည်သူလူထုထံအရောက် ပို့လွှတ်ရန်မှာ တောတောင်များအား ဖြတ်ကျော်၍လည်းကောင်း မြစ်ချောင်းများအား ဖြတ်သန်း၍လည်းကောင်း၊ လူမရောက်လမ်းမပေါက်သည့် ဒေသများဖြစ်သည့်တိုင် မိုင်ရာနှင့်ချီ ရှည်လျားသော မဟာဓာတ်အားလိုင်းကြီးများကို အမြန်တည်ဆောက်ကြရပါသည်။

လမ်းပန်းဆက်သွယ်မှု ခက်ခဲသော တောတောင်အထပ်ထပ်သို့ များပြားလေးလံလှသော တည်ဆောက်ရေးလုပ်ငန်းပစ္စည်းများကို သယ်ယူရခြင်း၊ ပေ ၁၅၀မှ ၂၀၀အထိမြင့်သော တာဝါတိုင်ကြီးများ တပ်ဆင်ရခြင်း၊ ပေ ၁၀၀၀ကျော် ဝေးကွာသည့် တာဝါတိုင်တစ်တိုင်နှင့် တစ်တိုင်အကြားရှိ ကောင်းကင်ကြိုးများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် မိမိတို့၏ အသက်ကိုထည့်တွက်နေခြင်းမရှိဘဲ ဒေသန္တရနှင့် ရာသီဥတုဒဏ်များအကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်အားပို့လွှတ်ခြင်းနှင့် လက်ခံဖြန့်ဖြူးခြင်းလုပ်ငန်း

၁၉၈၈ ခုနှစ်မတိုင်မီ တစ်နိုင်ငံလုံးတွင် တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ ကေဗွီ	၇	၅၆၈.၉၈	၇	၇၃၀
၁၃၂ ကေဗွီ	၁၂	၇၀၆.၆၇	၁၀	၅၁၉
၆၆ ကေဗွီ	၂၃	၄၈၂.၃၇	၁၇	၃၈၂
စုစုပေါင်း	**၄၂**	**၁,၇၅၈.၀၂**	**၃၄**	**၁,၆၃၁**

နိုင်ငံ၏ နေရာအနှံ့အပြားတွင် ဓာတ်အားပေးစက်ရုံကြီးများကို တည်ဆောက်ခဲ့ရာ ထိုဓာတ်အားပေးစက်ရုံကြီးများမှ ဓာတ်အားကို ဓာတ်အားသုံးစွဲသူများထံအရောက် ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ဗို့အားမြင့်မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေး လိုင်းများအား အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေစွာ ထပ်မံတည်ဆောက်ခဲ့ရပါသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်နှင့် အသေးစိတ်စာရင်းတို့အား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇီးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ။

၁၉၈၈ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ ကေဗွီ	၁၁	၃၄၇.၇၇	၁၃	၁,၄၅၀.၀
၁၃၂ ကေဗွီ	၁၂	၄၆၃.၃၉	၁၉	၉၂၂.၆
၆၆ ကေဗွီ	၆၂	၉၆၉.၃၆	၆၅	၁,၂၈၆.၈
စုစုပေါင်း	**၈၅**	**၁,၇၈၀.၅၂**	**၉၇**	**၃,၆၅၉.၄**

အထက်ပါ စာရင်းဇယားနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက ၁၉၈၈ခုနှစ် မတိုင်မီကထက် မဟာဓာတ်အားလိုင်းအရေအတွက် နှစ်ဆ၊ ဓာတ်အားလိုင်းမိုင်အရေအတွက် (၁၀၅)ရာခိုင်နှုန်းခန့် ထပ်မံတည်ဆောက်ခဲ့ရသကဲ့သို့ ပင်မဓာတ်အားခွဲရုံ အရေအတွက် သုံးဆနီးပါးခန့်နှင့် တပ်ဆင်အင်အား (၂၂၀)ရာခိုင်နှုန်းကျော်အထိ တိုးတက်တည်ဆောက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ စာရင်းကို ပြုစုဖော်ပြအပ်ပါသည်-

(က) ၁၉၈၈ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း(၁၁)လိုင်း

စဉ်	မှ	သို့	လိုင်း(မိုင်)	ပြီးစီးသည့်နှစ်
၁	သာစည်	နေပြည်တော်ပျဉ်းမနား	၈၃.၁၃	၁၉၈၉
၂	ပေါင်းလောင်း-၁	နေပြည်တော်ပျဉ်းမနား	၈.၃၀	၂၀၀၃
၃	ပေါင်းလောင်း-၂	နေပြည်တော်ပျဉ်းမနား	၈.၀၀	၂၀၀၃
၄	နေပြည်တော်ပျဉ်းမနား	တောင်တွင်းကြီး	၆၀.၀၀	၂၀၀၄
၅	ကမာနတ်	သထုံ	၈၃.၃၀	၂၀၀၄
၆	မြောင်းတကာ	ရွှေတောင်-လှော်ကား	၁.၂၃	၂၀၀၅
၇	မြောင်းတကာ	လှိုင်သာယာ	၂၂.၄၀	၂၀၀၆
၈	လှိုင်သာယာ	ဘုရင့်နောင်	၆.၉၀	၂၀၀၆
၉	လှိုင်သာယာ	အသုတ်	၇၁.၃၂	၂၀၀၇
၁၀	သဲဖြူ	နေပြည်တော်ပျဉ်းမနား-တောင်ငူ	၂.၅၀	၂၀၀၇
၁၁	သာယာကုန်း	တောင်ငူ-ကမာနတ်	၀.၆၉	၂၀၀၈
		စုစုပေါင်း	၃၄၇.၇၇	

(ခ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှ
မဟာဓာတ်အားလိုင်း (၁၂)လိုင်း

စဉ်	မှ	
၁	ဆည်တော်ကြီး	လက်ပံ
၂	လက်ပံလှ	ကျောက်
၃	ဘီလူးချောင်း(၁)	ဘီလူး
၄	ကင်းတား	အင်းကု
၅	အင်းကုန်း	အောင်ပ
၆	ညောင်ပင်ကြီး	မုံရွာ
၇	မုန်း	ချောက်
၈	ဘီလူးချောင်း(၂)	တီကျစ်
၉	တီကျစ်	ကလော
*၁၀	ကျွန်းချောင်း	ချောက်
၁၁	သာစည်	မြင်းခြံ
၁၂	ရတနာပုံ	မန္တလေး
		စုစုပေါင်

* ကျွန်းချောင်း-ချောက်(၁၃၂)ကေဗွီ မဟ
(၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်းသို့ ပြေ
အားလိုင်း မိုင်အရှည်တွင် (၆၆) ကေဗွီ ဓ
(၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း စာရင်း

(ဂ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ်

စဉ်	မှ	
၁	သာကေတ	သီတာ
၂	သာကေတ	သီတာ
၃	သာကေတ	စိန်ပန်း
၄	သာကေတ	စိန်ပန်း
၅	အလုံ	သီတာ
၆	ချောက်	ကျောက
၇	ဇော်ဂျီ(၁)	အောင်
၈	ချောက်	ပုဂံ
၉	ဓောင်းတူ	ကမာန
၁၀	ဇော်ဂျီ(၁)	ဇော်ဂျီ(
၁၁	ပခုက္ကူ	ပခန်း
၁၂	သာကေတ	ဒဂုံ(အ
၁၃	သာကေတ	ဘုရား
၁၄	ကျောက်ပုထိုး	ရွှေကူ
၁၅	ရွှေကူ	ဗန်းမေ
၁၆	ရွှေတောင်	ကျောက
၁၇	ဒဂုံ(မြောက်)	သာကေ
၁၈	ကမြိုင်(ကပစ ၅)	(ပြည်-
၁၉	သရက်	ကပစ(
၂၀	အလုံ	ဆင်မ
၂၁	ရွှေတောင်	ဆင်တဲ
၂၂	ဆင်တဲ	ညောင်
၂၃	ဆင်မလိုက်	ရွာမ
၂၄	ညောင်ဦး	မြင်းခြံ
၂၅	သထုံ	မြိုင်က
၂၆	တောင်တွင်းကြီး	ကိုးပင်
၂၇	ကိုးပင်	အောင်
၂၈	ချောက်	တညော
၂၉	မြင်းခြံ	ဆီမီးခုံ
၃၀	ဥမင်ကိုးပေါက်	ချောက်
၃၁	ကျောဇီ	မြင်းခြံ-
၃၂	ပုဂံ	လောက

ျီတက်နေသော
ဘ် ဓာတ်အားပေးစနစ်(၄)

သတင်း
ဆောင်းပါး-
ခရမ်းစိုးမြင့်

ဓာတ်ပုံ-
အမှတ်(၂)
လျှပ်စစ်စွမ်းအား
ဝန်ကြီးဌာန

(ခ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း (၁၂)လိုင်း

စဉ်	မှ	သို့	လိုင်း(မိုင်)	ပြီးစီးသည့်နှစ်
၁	ဆည်တော်ကြီး	လက်ပံလှ	၄၅.၀၀	၁၉၈၉/၁၉၉၇
၂	လက်ပံလှ	ကျောက်ပုထိုး	၈၆.၆၇	၁၉၈၉/၁၉၉၇
၃	ဘီလူးချောင်း(၁)	ဘီလူးချောင်း(၂)	၃.၃၀	၁၉၉၂
၄	ကင်းတား	အင်းကုန်း	၂၈.၁၀	၁၉၉၈/၂၀၀၂
၅	အင်းကုန်း	အောင်ပင်လယ်	၃၃.၁၃	၁၉၉၈/၂၀၀၂
၆	ညောင်ပင်ကြီး	မုံရွာ	၁၂.၅၅	၂၀၀၂
၇	မုန်း	ချောက်	၆၀.၀၄	၂၀၀၄
၈	ဘီလူးချောင်း(၂)	တီကျစ်	၈၂.၇၈	၂၀၀၄
၉	တီကျစ်	ကလော	၁၅.၈၀	၂၀၀၄
*၁၀	ကျွန်းချောင်း	ချောက်	၂၅.၄၂	၂၀၀၅
၁၁	သာစည်	မြင်းခြံ	၇၀.၀၀	၂၀၀၇
၁၂	ရတနာပုံ	မန္တလေး-ပြင်ဦးလွင်	၀.၆၀	၂၀၀၇
		စုစုပေါင်း	၄၆၃.၃၉	

* ကျွန်းချောင်း-ချောက်(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းသည် ယခင် (၆၆) ကေဗွီ ဓာတ်အားလိုင်းကို (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်းသို့ ပြောင်းလဲတည်ဆောက်ခြင်းဖြစ်ပါ၍ လက်ရှိ စုစုပေါင်း ဓာတ်အားလိုင်း မိုင်အရှည်တွင် (၆၆) ကေဗွီ ဓာတ်အားလိုင်းစာရင်း၌ ထည့်သွင်းတွက်ချက်ထားခြင်းမရှိဘဲ (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း စာရင်းတွင်သာ ထည့်သွင်းတွက်ချက်ထားပါသည်။

မဟာ
ဓာတ်အားလိုင်း
သွယ်တန်း

မဟာဓာတ်အားလိုင်းများ သွယ်တန်းရန်အတွက် တိုင်ဆင်လုပ်သားကြီးများ ဤသို့ ကြိုးပမ်းခဲ့ကြသည်။

(ဂ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၆၆) ကေဗွီ ဓာတ်အားလိုင်း (၆၂)လိုင်း

စဉ်	မှ	သို့	လိုင်း(မိုင်)	ပြီးစီးသည့်နှစ်
၁	သာကေတ	သီတာ	၆.၈၁	၁၉၉၁
၂	သာကေတ	သီတာ(မြေအောက်)	၆.၈၁	၁၉၉၁
၃	သာကေတ	စိန်ပန်းမြိုင်	၁၀.၂၅	၁၉၉၁
၄	သာကေတ	စိန်ပန်းမြိုင်(မြေအောက်)	၁၀.၂၅	၁၉၉၁
၅	အလုံ	သီတာ(မြေအောက်)	၄.၀၀	၁၉၉၁
၆	ချောက်	ကျောက်ပန်းတောင်း	၂၁.၄၀	၁၉၉၃
၇	ဇော်ဂျီ(၁)	အောင်သပြေ	၄၇.၄၇	၁၉၉၄
၈	ချောက်	ပုဂံ	၂၁.၀၀	၁၉၉၆
၉	ဇောင်းတူ	ကမာနတ်	၄၄.၉၈	၁၉၉၆
၁၀	ဇော်ဂျီ(၁)	ဇော်ဂျီ(၂)	၁၃.၂၅	၁၉၉၆
၁၁	ပခုက္ကူ	ပခန်းကြီး	၁၅.၃၇	၁၉၉၇
၁၂	သာကေတ	ဒဂုံ(အရှေ့)	၈.၃၂	၁၉၉၇
၁၃	သာကေတ	ဘုရားကုန်း	၆.၀၀	၁၉၉၈
၁၄	ကျောက်ပုထိုး	ရွှေကူ	၁၁၀.၄၀	၁၉၉၈
၁၅	ရွှေကူ	ဗန်းမော်	၄၂.၄၇	၁၉၉၈
၁၆	ရွှေတောင်	ကျောက်စွယ်ကျိုး	၃၂.၀၁	၁၉၉၈
၁၇	ဒဂုံ(မြောက်)	သာကေတ-စိန်ပန်းမြိုင်	၀.၀၆	၁၉၉၈
၁၈	ကမြိုင်(ကပစ ၅)	(ပြည်-မြန်အောင်)	၂.၅၀	၁၉၉၉
၁၉	သရက်	ကပစ(၁၂)	၈.၀၀	၁၉၉၉
၂၀	အလုံ	ဆင်မလိုက်(မြေအောက်)	၅.၀၀	၁၉၉၉
၂၁	ရွှေတောင်	ဆင်တဲ	၁၁.၅၀	၁၉၉၉
၂၂	ဆင်တဲ	ညောင်ခြေထောက်(၂)	၂၀.၀၀	၁၉၉၉
၂၃	ဆင်မလိုက်	ရွာမ	၆.၀၅	၂၀၀၀
၂၄	ညောင်ဦး	မြင်းခြံ	၃၆.၃၃	၂၀၀၁
၂၅	သထုံ	မြိုင်ကလေး	၁၆.၀၀	၂၀၀၁
၂၆	တောင်တွင်းကြီး	ကိုးပင်	၃၃.၀၀	၂၀၀၂
၂၇	ကိုးပင်	အောင်လံ	၃၃.၀၀	၂၀၀၂
၂၈	ချောက်	တညောင်	၁၄.၀၀	၂၀၀၂
၂၉	မြင်းခြံ	ဆီမီးခုံ	၂၂.၄၇	၂၀၀၂
၃၀	ဥမင်ကိုးပေါက်	ချောက်-ပခန်းငယ်	၂.၁၅	၂၀၀၂
၃၁	ကျောဇီ	မြင်းခြံ-ညောင်ဦး	၀.၆၀	၂၀၀၃
၃၂	ပုဂံ	လောကနန္ဒာ	၀.၈၀	၂၀၀၃
၃၃	သာကေတ	ကျိုက္ကဆံ	၅.၄၀	၂၀၀၄
၃၄	ကျောက်ပန်းတောင်း	ပိုဗိုလန်	၁၅.၀၀	၂၀၀၄
၃၅	ပခုက္ကူ	ပခုက္ကူချည်စက်	၂.၄၈	၂၀၀၄
၃၆	ကျွန်းချောင်း	စလေ(ဓာတ်မြေသြဇာ)	၃၂.၆၇	၂၀၀၅
၃၇	လှော်ကား	ရွာမ(သံမဏိစက်ရုံ)	၉.၀၀	၂၀၀၅
၃၈	ရွာမ	စိန်ပန်းမြိုင်	၅.၂၇	၂၀၀၅
၃၉	မင်းဘူး	ငဖဲ(ကပစ ၁၄)	၃၃.၀၀	၂၀၀၅
၄၀	မင်းဘူး	မလွန်(ကပစ ၁၀)	၂၂.၀၀	၂၀၀၅
၄၁	တောင်တွင်းကြီး	ကုလားမ(ကပစ ၁၈)	၂၁.၀၀	၂၀၀၅
၄၂	အောင်လံ	ရွှေပန်းတော(ကပစ ၁၅)	၂၁.၀၀	၂၀၀၅
၄၃	မုံရွာ	အင်တော	၁၆.၅၀	၂၀၀၅
၄၄	မုံရွာ	ရေဘုတလင်	၂၈.၅၀	၂၀၀၅
၄၅	ရေဘုတလင်(၁)	ရေဘုတလင်(၂)	၀.၉၅	၂၀၀၅
၄၆	အင်္ဂပူ	မြန်အောင်-ဟသ်ာတ	၀.၅၁	၂၀၀၅
၄၇	အောင်သပြေ	သံမဏိစက်ရုံ	၃.၅၀	၂၀၀၅
၄၈	သာကေတ	ဒဂုံ(တောင်)	၁.၉၄	၂၀၀၅
၄၉	ဆင်တဲ	မသုန်(ကပစ ၁၆)	၉.၀၀	၂၀၀၆
၅၀	ဘုရင့်နောင်	(ရွာမ-ဆင်မလိုက်)	၀.၉၄	၂၀၀၆
၅၁	ဘုရင့်နောင်	အလုံ	၇.၂၀	၂၀၀၆
၅၂	ဘုရင့်နောင်	ကျိုက်ဝိုင်း	၃.၅၇	၂၀၀၆
၅၃	ဆီမီးခုံ	ပရိမ္မ	၁၆.၀၃	၂၀၀၆
၅၄	ဒေါနန်းမြဟန်	သာကေတ-ဒဂုံ(အရှေ့)	၂.၀၈	၂၀၀၆
၅၅	အသုတ်	ရေကြည်-ပုသိမ်	၂.၄၅	၂၀၀၇
၅၆	ကျောက်ကူး	မြင်းခြံ-ညောင်ဦး	၁.၀၀	၂၀၀၇
၅၇	ငါ့သရောက်	မြင်းခြံ-ညောင်ဦး	၀.၅၀	၂၀၀၇
၅၈	အောင်လံ	သရက်(ကပစ ၁၂)	၉.၅၀	၂၀၀၇
၅၉	ပခန်းကြီး	ဝါယာသာစည်	၁၂.၅၂	၂၀၀၇
၆၀	ရွှေတောင်	ပြည်(စက်မှုဇုန်)	၄.၅၁	၂၀၀၇
၆၁	ရွှေတောင်	ပေါက်ခေါင်း(ကပစ ၁၉)	၄၄.၀၉	၂၀၀၈
၆၂	တောင်တွင်းကြီး	စွန်ဆည်(ကပစ ၁၇)	၂၅.၀၀	၂၀၀၈
		စုစုပေါင်း	၉၆၉.၃၆	
		စုစုပေါင်း (က)+(ခ)+(ဂ)	၁,၇၈၀.၅၂	

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အိန္ဒိယချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ယင်းသို့ တွေ့ဆုံဆွေးနွေးရာ၌ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Shri Jairam Ramesh နှင့် Federation of Indian Chambers of Commerce and Industry (FICCI) ဥက္ကဋ္ဌ Mr. Daya Krishna Goyal ဦးဆောင်သော အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး တွေ့ဆုံ ဆွေးနွေးပွဲကို ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယကုန်သည်ကြီးများအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကြိုဆိုနှုတ်ခွန်းဆက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ Mr. Daya Krishna Goyal နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Shri Jairam Ramesh နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးနှင့် ကုန်သွယ်မှု ပိုမိုတိုးတက်ရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အခြေအနေနှင့် အလားအလာတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကုန်သွယ်မှုအခွင့်အလမ်း များ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ နှစ်နိုင်ငံ လက်ရှိပူးပေါင်းဆောင်ရွက်နေသော စီမံကိန်း လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအား ကုန်သည်အသင်းအဖွဲ့များက ဦးဆောင်၍ အပြန်အလှန် ဖိတ်ကြားလည်ပတ်ပြီး ရင်းနှီးစွာ ဆွေးနွေးဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

နားလည်မှုစာချွန်လွှာ

ဆက်လက်၍ နှစ်ဖက်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ယင်းနောက် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အိန္ဒိယနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများ၊ ကုမ္ပဏီများနှင့်ဆွေးနွေး

နေပြည်တော် ဧပြီ ၇

ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင် လိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး Mr. Murli Deora အား ဧပြီ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး၏ ရုံးဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ရင်းနှီးစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် ရခိုင်ကမ်းလွန်ဒေသ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းကိစ္စရပ်များ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံချက်စက်ရုံကိစ္စများနှင့် အခြား အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အခွင့်အလမ်း

ဧပြီ ၂ ရက်တွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တည်းခိုရာဟိုတယ်၌ အိန္ဒိယသမ္မတနိုင်ငံ Engineers India Ltd.မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ အိန္ဒိယ သမ္မတနိုင်ငံ Angelique International Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံ၍ ရေနံဓာတုဗေဒလုပ်ငန်းနှင့်စပ်လျဉ်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်

အလားတူ ဧပြီ ၃ ရက်တွင်လည်း ဝန်ကြီးသည် Indian Oil Corporatoin Ltd. (IOCL)၊ Oil and Natural Gas Corporation (ONGC)၊ Gas Authority of India Ltd. နှင့် Essar Oil Ltd. တို့မှ သက်ဆိုင်ရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား သီးခြားစီ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ ကမ်းလွန်လုပ်ကွက်များ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ရေနံချက်စက်ရုံကိစ္စများ၊ မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ ပြောင်းလဲသုံးစွဲခြင်းကိစ္စများ၊ ရေနံဓာတုဗေဒ လုပ်ငန်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

လက်ခံတွေ့ဆုံ

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် အိန္ဒိယသမ္မတနိုင်ငံ Bharat Heavy Electrical Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တည်းခိုရာဟိုတယ်၌ ဧပြီ ၃ ရက် ညနေပိုင်းတွင် လက်ခံတွေ့ဆုံ၍ လျှပ်စစ်နှင့် စက်မှုပိုင်းဆိုင်ရာ ပစ္စည်းများ ကိစ္စ၊ Hydraulic Steel Structure ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် Infrastructure Leasing and Financial Services Ltd. မှ မန်နေဂျင်းဒါရိုက်တာ D.K Mittal နှင့် အဖွဲ့အား ဆက်လက်၍ လက်ခံတွေ့ဆုံကာ ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ Indian Oil Corporation Ltd. (IOCL) မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ တာ့ဂျ်မဟာဟိုတယ်၌ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ Infrastructure Leasing and Financial Services Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ တာ့ဂျ်မဟာဟိုတယ်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၀၇ခုနှစ် ပါဠိ ပထမပြန် စာမေးပွဲတွင် အောင်မြင်တော် မူသော သံဃာတော်နှင့် သီလရှင်များ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေး ပွဲအောင် ပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှု သင်တန်း အောင်ကျောင်းသား ကျောင်းသူများအား မြောက်ဥက္ကလာပ မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ဥပဋ္ဌာကအဖွဲ့တို့က ကြီးမှူး၍ (၂၈)ကြိမ်မြောက် ချီးမြှင့်ပွဲ နှင့်းသဘင် အခမ်းအနားကို (၅)ရပ်ကွက် မေဓာဝီလမ်း သဒ္ဓမ္မဟိတကာရီ ဓမ္မာရုံကြီး၌ ကျင်းပစဉ်။ (က-ပ)

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် ရတနာလမ်း လေးလွှာ အမှတ် ၁၂နေ ဒေါ်ပုကြည်နှင့်တူ တူမ များက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မျက်စိဝေဒနာရှင်များ အခမဲ့ဆေးဝါးကုသပေးနေမှု တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၇

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၄ရက် မွန်းလွဲ ၂ နာရီက ခုတင် (၃၀၀) ဆံ့ နေပြည်တော် ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ စီစဉ်မှုဖြင့် ကျန်းမာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါး ကုသနေမှုများကို ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ကြီးများကခုတင်(၃၀၀)ဆံ့ နေပြည်တော် ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြရာ**(အပေါ်ယာပုံ)**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြသည်။

အခမဲ့ကုသပေး

အဆိုပါ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးနေမှုကို ဧပြီ ၄ရက်မှ ၆ရက်အထိ ဆောင်ရွက်ပေးကြောင်း သိရသည်။

(သတင်းစဉ်)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ ကုန်းတလပေါင် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၇

မင်္ဂလာဒုံ ကုန်းတလပေါင် ဓမ္မသိင်္ဂီ ပျော်ဘွယ် သာသနာ့ရိပ်သာ၏ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဧပြီ ၁၀ရက်နှင့် ၁၁ ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ သင်္ကြန်အကြို ဓမ္မသဘင်၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ရက်က နေပြည်တော်ရှိ ရောဂါနှိမ်နင်းရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်စုစုပေါင်း ၃၄ဦး တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်တို့ တက်ရောက်အမှာစကားပြောကြားကြောင်း သိရသည်။

(က-ပ)

လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဧပြီ ၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လက်ထောက်အင်ဂျင်နီယာများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူငွေပေးအပ်

ဧပြီ ၅ ရက်က စစ်တက္ကသိုလ် အမှတ်စဉ်(၃၇) ကျောင်းဆင်း (၁၂)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇဟာန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်း သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် ရတနာမဥ္ဇူလမ်း အမှတ်(၁၇၆)နေ ဦးရန်မျိုးအောင်-ဒေါ်မြင့်မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးသန်းနှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က လက်ခံယူစဉ်။ (က-ပ)

ကျိုင်းတုံ ဘိုးဘွားရိပ်သာ အလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၇

ကျိုင်းတုံ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၏ နေ့စဉ်အာဟာရအတွက် ရန်ကုန်တိုင်း ဒဂုံမြို့နယ်နေ ဦးကျော်အေး၊ ဒေါ်ဇင်မာလတ်၊ သမီး မထက်ထက်ဝင်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၊ ကျိုင်းတုံ ဆေးရုံကြီးမှ ဒေါက်တာ ဦးကျော်စိုး၊ ဒေါက်တာ သန္တာချို၊ သမီး မြဖူးပွင့်သစ်က အလှူငွေကျပ် ၄၆၀၀၀၊ ကျိုင်းတုံ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဦးချိုလွင်၊ ဒေါ်အေးအေးဆွေ မိသားစုက အလှူငွေကျပ် ၄၀၀၀၀၊ ကျိုင်းတုံ တက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခ ဒေါ်ခင်ခင်ဝင်း မိသားစုက အလှူငွေကျပ် ၂၀၀၀၀တို့ကို လာရောက်လှူဒါန်းကြရာ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးထွန်းလွင်ဦးက လက်ခံယူသည်။ **(အပေါ်ပုံ)**

(က-ပ)

ရန်ကုန်တိုင်း သာကေတမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း များမှ အလယ်တန်း၊ မူလတန်း သင်ဆရာဆရာမများအတွက်သင်ကြားရေး မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း ယုဇနခန်းမ၌ မတ်၃၁ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (၀၉၈)

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဆင်းပွဲ၌ အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၄ရက် နံနက် ၉နာရီက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၆)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၆)နှင့် ကွန်ပျူတာသင်တန်းအမှတ်စဉ်(၂) သင်တန်းများဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ချီးမြှင့်ရာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၆)တွင် စံပြသင်တန်းသားဆုရ ဦးဆန်းထွန်းအောင်အားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၆)တွင် စံပြသင်တန်းသူဆုရ ဒေါ်သဲနေနေကျော်အား လည်းကောင်း၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသားဆုရ ဦးသန်းနိုင်ဝင်းအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်များအား ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက သင်တန်းနည်းပြများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

တက်ရောက်ခဲ့

ယင်းသင်တန်းများသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ရာ အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၆)တွင် သင်တန်းသား၃၀၊ နိုင်ငံတကာဆက်ဆံရေး သင်တန်း အမှတ်စဉ်(၆)တွင် သင်တန်းသား သင်တန်းသူ ၂၀၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းသား သင်တန်းသူ၃၀၊ စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေအကြောင်းသိကောင်းစရာများ ဟောပြော

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့၏ ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့်အကြံပြုရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ဒုတိယ တိုင်းဥပဒေအရာရှိ ဒေါ်ခင်မာမာက လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့်အမွေဆက်ခံခြင်းအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအကြောင်း ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

ရေဦးမြို့နယ်ဗုဒ္ဓပူဇနိယပွဲ အသံမစဲပဋ္ဌာန်းပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

စစ်ကိုင်းတိုင်း ရေဦးမြို့ မန်းကျည်းတောရပ် ဒက္ခိဏာရာမကျောင်းတိုက်အတွင်း ၁၃၇၀ပြည့်နှစ် ဦးတန်ခူးလပြည့်ကျော် ၁ရက်မှ ၇ ရက်အထိ (၁၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ဦးတန်ခူးလပြည့်ကျော် ၈ ရက်တွင် သက်တော်ရှည်စေတီ၊ လာဘမုနိစေတီတော် ရင်ပြင်၌ ပင့်သံဃာအပါး ၁၀၀ ကျော်တို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပပြီး ဦးတန်ခူးလပြည့်ကျော် ၁၀ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နယ်လှည့် ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီက နှစ်ဦးအထူးတရားပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တန်ခူးလပြည့်ကျော် ၇ ရက်ညနှင့် ၈ ရက်ညတွင် ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၇၅-၄၀၄၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေစင်ရွှေပြားဆက်ကပ်ရန်လှူဒါန်း

ရန်ကုန် ဧပြီ ၇

ပဲခူးတိုင်း မင်းလှမြို့ မင်းတန်းလမ်းနေ ဒေါ်ရီရီ အသက်(၈၀)ပြည့်မွေးနေ့ အလှူအဖြစ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် တတိယအကြိမ်မြောက် လှူဒါန်းသော တစ်ကျပ်သား ရွှေစင်ရွှေပြား တစ်ချပ် အလှူငွေကျပ် ၄၀၀၀၀၀ ကို သားသမီးနှင့် မြေးများဖြစ်ကြသော ဒေါက်တာသန်းလွင်-ဒေါ်ကြည်ကြည်လေး၊ ဒေါ်တင်တင်ထက်၊ ဦးဌေးအောင်-ဒေါ်မြတ်လေးမာ၊ သား မောင်လင်းဘုန်းမြတ်၊ သမီး မငြိမ်းဆုနှင်း မိသားစုတို့က ဧပြီ ၆ရက်တွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်းထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် ဦးကျင်သိန်း-ဒေါ်ဆွေဆွေသန်း၊ ဒေါ်ကျင်အေး၊ ဒေါ်ဆိုင်၊ ဒေါ်ကြည်ကြည်၊ ဒေါ်လွင် မိသားစု သိမ်ကြီးဈေး(ဘီ)ရုံ ရန်ကုန်က ငွေကျပ်ငါးသိန်း၊ ဦးသန်းထွေးနှင့် ဒေါ်သန်းသန်းမူ၊ ဦးကျော်ထွန်းနှင့် ဒေါ်သန်းသန်းဝေ၊ ဒေါ်သန်းသန်းအေး မိသားစု ၂၄လမ်း လသာမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးဘရှန်-ဒေါ်အိုမြင့်၊ သမီး ဒေါ်ဂင်စီတို့အားရည်စူး၍ ဦးသိန်းအောင် မိသားစု သိမ်ဖြူလမ်း ဗိုလ်တထောင်က ငွေကျပ်တစ်သိန်း၊ မမျိုးမျိုးဦး(ဩစတြေးလျ)က ငွေကျပ်သုံးသိန်း၊ ဒေါ်ကျင်ရွှေ မိသားစု စမ်းချောင်းက ငွေကျပ်တစ်သိန်း၊ ဦးတင်မောင်ဝင်း-ဒေါ်ဖြူဖြူမိသားစု (ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဝင်) ပုဇွန်တောင်မြို့နယ်က ငွေကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်ရန် အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လယ်တီမဟာသရဏဂုံတော်ကြီး နှစ်(၉၀)ပြည့်ရွတ်ဆိုပူဇော်

ရန်ကုန် ဧပြီ ၇

လယ်တီဆရာတော်ကြီး မဟာသရဏဂုံတော်ကြီးကို ၁၂၇၉ခုနှစ်တွင် အကြိမ်ပေါင်း ၂၁၁၆၈၀၀ ရွတ်ဆိုပူဇော်အောင်မြင်သည့် နှစ်(၉၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား နဝဂုဏ ဗုဒ္ဓမာမက သာသနာပြု ပါရမီရှင်များအသင်း၊ လယ်တီမဟာသရဏဂုံတော်ကြီး ဝတ်အဖွဲ့သည် နဝမ လယ်တီဆရာတော်အားအမှူးထား၍ စမ်းချောင်း ဗားကရာတိုက် အင်းစိန်ကျောင်းဆရာတော် ဦးပဏ္ဍိတဦးဆောင်၍ ပါရမီရှင် ၉၀ တို့က ၁၃၆၉ ခုနှစ် တပေါင်းလကွယ်နေ့တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် လယ်တီဆပဂံတောရ၌ လယ်တီမဟာသရဏဂုံတော်ကြီး မြွှေပူဇာကို စုပေါင်းရွတ်ဆိုကြကြောင်း သိရသည်။ **(၁၀၃)**

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်တိုင်း လှိုင်မြို့နယ် အင်းစိန်လမ်းနေ (ဦးထွန်းလတ်)-သီရိသုဓမ္မသီဂိ ဒေါ်မြရွှေ(More) သောက်ရေသန့်ရေသန့်စက်ရုံလုပ်ငန်းမိသားစုက ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ သောက်ရေသန့်စက်တစ်လုံးနှင့်စတီးလ်ရေတိုင်ကီနှစ်လုံးကို မတ်၂၈ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ကျေးဇူးတင် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၂၅)

သုညတမေ့သကြီန် အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင်စေတီတော်အနီး သုညတမေ့ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ဦးစန္ဒသေန ဟောကြားမည့် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် လူယောဂီ ၆၀ နှင့် ဒုလ္လဘရဟန်း ၆၀ လက်ခံမည်ဖြစ်ရာ စာရင်းပေးရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အဖျော်ရည်လှူဒါန်းလိုသူများ ဆရာတော် ဖုန်း-၀၉-၅၁-၇၉၃၄၃၊ ဒေါ်ပို့ပို့ ဖုန်း-၀၉-၅၀-၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်ချားရီ ဖုန်း-၂၀၃၄၇၉၊ ဒေါ်မိုးအောင်ဆန်း ဖုန်း-၂၉၄၂၄၈၊ ဒေါ်ဝါဝါ၊ ဒေါ်သင်းသင်း ဖုန်း-၀၉-၅၁-၀၀၁၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

8-4 (12).pmd 1 4/8/2008, 2:39 AM

ကုက္ကိုင်းရေကူးအသင်း နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၈ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်များချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၇ နာရီက ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်းတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အောင်လက်မှတ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ် ချီးမြှင့်သည်။ ယင်းနောက် ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အမှတ်တရဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက အလှူငွေကင်းလွတ်အသင်းဝင်ခွင့် ၁၇ ခုကို မဲနှိုက် ရွေးချယ်ပေးကြသည်။ သင်တန်းဆင်းပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထပ်မံဖွင့်လှစ်မည်

ကုက္ကိုင်းရေကူးအသင်းသည် နွေရာသီရေကူးသင်တန်းကို ၁၉၉၇ခုနှစ်မှ စ၍



အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (မြန်မာ့အလင်း)

ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၀၈ ခုနှစ် ပထမအကြိမ် ဖွင့်လှစ်သည့် နွေရာသီရေကူးသင်တန်းတွင် စုစုပေါင်း ၆၉၁ ဦး တက်ရောက်ကြသည်။ ဒုတိယအကြိမ် နွေရာသီရေကူးသင်တန်းကို ဧပြီ ၂၆ရက်တွင် ထပ်မံဖွင့်လှစ်သွားရန် စီစဉ်ထားသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၈ (အင်္ဂါနေ့)

AM&PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**'အနိစ္စဝိဉာဏ်သိစေချင်'** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၅ - ၁:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "တကူးကူးက တေးစီးရီး မိတ်ဆက်"
၈:၁၅ - ၂:၁၅	Sunday Talk
၉:၁၀ - ၃:၁၀	ခါသကြဲန်အဆိုအက
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	ချင်းတောင်တန်းမှသည် ရတနာလင်္ကာရ သာသနာပြု ကျောင်းတိုက်သို့
၁၀:၀၀ - ၄:၀၀	ခါသကြဲန်အဆိုအက
၁၀:၀၅ - ၄:၀၅	နိုင်ငံတကာသတင်း အကျဉ်း
၁၀:၁၀ - ၄:၁၀	Biz Net
၁၀:၂၅ - ၄:၂၅	ခါသကြဲန်အဆိုအက
၁၀:၃၅ - ၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀ - ၄:၄၀	လောကုတ္တရာနှင့်သွားမှ နိဗ္ဗာန်စံရတရားတော် (ဒေါက်တာချစ်ငယ်-ဒဿန Ph.D)
၁၀:၅၅ - ၄:၅၅	ခါသကြဲန်အဆိုအက
၁၁:၀၅ - ၅:၀၅	ထေရဝါဒသာသနာ နေရောင်လပမာ ထွန်းလင်းမှာမလွဲ တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိပထမပြန် စာမေးပွဲ
၁၁:၁၀ - ၅:၁၀	ပြည်တွင်းသတင်း အကျဉ်း
၁၁:၂၀ - ၅:၂၀	စက္ကူကုသမြတ်ဒါန
၁၁:၄၀ - ၅:၄၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁:၄၅ - ၅:၄၅	ခါသကြဲန်အဆိုအက
၁၁:၅၅ - ၅:၅၅	ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ပြင်ဦးလွင်မြို့(အပိုင်း-၂)
၁၂:၂၀ - ၆:၂၀	Music Gallery 'မာစတာသကြဲန်-၂'
၁၂:၄၀ - ၆:၄၀	ရန့်သင်းမွှေး သကြဲန်ထမင်း အေးအေးလေး
၁၂:၅၀ - ၆:၅၀	ခါသကြဲန်အဆိုအက
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Liverpool-Arsenal	ESPN (Live)
၁:၀၀	Chelsea-Fenerbahce	Star Sport (Live)

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၃:၃၀	West Ham-Portsmouth	ESPN (SDD)

Ladies' Heart အမျိုးသမီးဝတ် Fashion Product မိတ်ဆက်

ရန်ကုန် ဧပြီ ၇

Pyinsaman Laban Co., Ltd. ၏ Ladies' Heart အမျိုးသမီးဝတ် Fashion Product အသစ်မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ ၂ရက် ည ၇နာရီက ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Pyinsaman Laban Co., Ltd. ဒါရိုက်တာ ဦးနေထက်ဇော်ဝင်းက Ladies' Heart အမျိုးသမီးဝတ် Fashion Product အသစ်မိတ်ဆက်ပွဲပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလင်းတန်းဂျာနယ်မှ ဦးဝင်းငြိမ်းက စာနယ်ဇင်းဆရာများကိုယ်စား နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြပွင့်ဖြူ **(အပေါ်ပုံ)**က Ladies' Heart Fashion၏ Marketing System အား ရှင်းလင်းတင်ပြရာ Ladies' Heart အမျိုးသမီးဝတ် Fashionများမှာ ဟောင်ကောင်နိုင်ငံမှ ထုတ်လုပ်တင်သွင်းပြီး မြန်မာပြည်အနှံ့ဖြန့်ဖြူးရောင်းချရာတွင် အချိန်မအားလပ်သည့် အမျိုးသမီးများအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသော ဝန်ဆောင်မှုကို အခကြေးငွေပေးရန်မလိုဘဲ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦးနှင့် တစ်ဦး လက်ဆောင်များပေးပို့လိုပါက Ladies' Heart ပစ္စည်းများကို ဖုန်းဆက်၍မှာယူရရှိနိုင်ကြောင်း၊ Ladies' Heart တွင် Small,ML,XL. XXL အထိ အရွယ်အစားမျိုးစုံရှိ၍ မြန်မာအမျိုးသမီးများနှင့် လိုက်လျောညီထွေရှိမည့် Fashion များဖြစ်ကြောင်း၊ Casual, Smart Casual, Evening Dress နှင့် Shawl, Coat များ စုံလင်စွာရှိကြောင်း ပြောကြားသည်။

ကြိုတင်မှာယူ

ထို့ပြင် Ladies' Heart ၏ Special Limited Edition အဝတ် အထည်များကို တစ်လ ကြိုတင်မှာယူ၍ ဝတ်ဆင်နိုင်ပြီး ကုမ္ပဏီဝန်ထမ်းများ၊ ဆိုင်ဝန်ထမ်းများနှင့် လေယာဉ်မယ်များအတွက် ခေတ်မီဆန်းသစ်သော Uniform Design သစ်များကို Ladies' Heart Fashion Designs များထဲမှ ရွေးချယ်၍ တစ်လကြိုတင် မှာယူနိုင်သည်။

ဆက်သွယ်မှာယူနိုင်

Ladies' Heart အဝတ်အထည်များကို Capital Hyper Mark Room No. (206), ရန်ကုန်နှင့်မန္တလေးမြို့များရှိ Blaszon, Sein Gay Har Super Centre နှင့် Dagon Centre တို့တွင်ရရှိနိုင်ပြီး ဖုန်း ၀၁-၃၉၅၂၅၂၊ ဖုန်း-၃၉၅၁၅၉-Ext ၄၀၃၊ ဖုန်း-၅၅၃၁ ၃၈-Ext ၂၀၆၊ ဖုန်း-၅၅၃၁၃၉-Ext ၂၀၆နှင့်ဖုန်း-၀၉-၅၀-၁၂၉၈၇ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာရှ ဘီလီယက်နှင့်စနူကာပြိုင်ပွဲ

ရန်ကုန် ဧပြီ ၇

(၇)ကြိမ်မြောက် အာရှဘီလီယက် ပြိုင်ပွဲနှင့် (၉)ကြိမ်မြောက် အသက် (၂၁)နှစ်အောက် အာရှလူငယ်စနူကာပြိုင်ပွဲများကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့(စ်) ဟိုတယ်တွင်ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ဘီလီယက် လက်ရွေးစင်များဖြစ်သည့် ကျော်ဦး၊ အောင်ဆန်းဦးတို့ သုံးပွဲနိုင်ဖြင့် ကွာတားဖိုင်နယ်တက်ရန် သေချာသွားသည်။

စနူကာ

စနူကာပြိုင်ပွဲတွင် ဝင်းနိုင်(မြန်မာ)သည် ပရီကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဘီလီယက်ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ နေသွေးဦးနှင့် စည်သူထွန်းတို့သည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။ (မြန်မာ့အလင်း)

(၇)ကြိမ်မြောက် အာရှဘီလီယက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ငွေး ပါဝင်ယှဉ်ပြိုင်စဉ်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

လူမှုဝန်ထမ်းဦးစီးဌာန အဆင့်မြင့်စံပြရင်သွေးအိမ်မူလတန်းကြိုကျောင်း၏ ဆုပေးပွဲနှင့်ပဒေသာကပွဲကို ဧပြီ ၅ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းခန်းမ၌ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီးဒေါ်ခင်နွယ်နွယ်က ဘက်စုံထူးချွန်ဆုရ ရင်သွေးငယ် မဖြူစင်မြတ်အား ဆုချီးမြှင့်စဉ်။ (၁၂၃)

မြို့ ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

8-4 (13).pmd 1 4/8/2008, 2:39 AM

ဝင်းသူဇာအရောင်းဆိုင် အောင်လံတွင် ဖွင့်လှစ်

အောင်လံ မတ် ၃၀

(၆၃) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းမှ ဝင်းသူဇာအရောင်းဆိုင် (အောင်လံ) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၈ နာရီက အောင်လံမြို့ တရော်ကုန်းရပ်ကွက် ပြည်လမ်းမပေါ်ရှိ ဝင်းသူဇာအရောင်းဆိုင်သစ်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် သရက်ဘိလပ်မြေစက်ရုံ ဒုတိယစက်ရုံမှူး ဦးလှမြိုင်က အရောင်းဆိုင်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး အရောင်းဆိုင်ကို သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ သရက်ဘိလပ်မြေစက်ရုံ (စက်ရုံမှူး) ဦးအောင်သိန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ကြည့်ရှုဝယ်ယူ

ထို့နောက် အရောင်းဆိုင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးကြသည်။ အဆိုပါ အရောင်းဆိုင်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ရုံများမှ ထုတ်လုပ်သည့် ပစ္စည်းအမျိုးပေါင်း ၃၀၂မျိုးကို လွတ်လပ်စွာ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။ (က-ပ)

မိုးကောင်းမြို့၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မိုးကောင်း မတ် ၃၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်းပြီး မီးဘေး ကြိုတင်ကာကွယ်ရေးဇာတ်တိုက် လေ့ကျင့်ခြင်းနှင့်မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို မတ်၁၂ရက် ညနေပိုင်းက မိုးကောင်းမြို့ မြို့မဈေးအတွင်း၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဦးဆန်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်လေ့လာကြကြောင်း သိရသည်။ (၀၀၁)

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထော်လာဂျီ ကုန်စည်ပို့ဆောင်ရေးအသင်း ဖွင့်လှစ်

ထန်းတပင် ဧပြီ ၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထော်လာဂျီကုန်စည်ပို့ဆောင်ရေးအသင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် က အဆိုပါ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝှက် (ငြိမ်း)၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ထော်လာဂျီ ကုန်စည်ပို့ဆောင်ရေးအသင်းသည် ထော်လာဂျီယာဉ် ၂၈ စီးဖြင့် ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်အကြား ခရီးသည်၊ ကုန်စည်များ ပို့ဆောင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပင်လုံမြို့ တွံမိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇန်ကျွမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပြန်ကြားရေးဝန်ကြီး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ရွှေဘို မတ် ၁၂

ပြန်ကြားရေးဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရွှေဘိုနှင့်ကသာ ခရိုင်တို့၏ ၂၀၀၇ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီက ရွှေဘိုခရိုင်ရုံး၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ဝန်ကြီး၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၈ခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရွှေဘိုနှင့်ကသာ ခရိုင်ဦးစီးအရာရှိ၊ လက်အောက်ခံ မြို့နယ်များမှ ဒုတိယဦးစီးမှူးများ၏ တင်ပြချက်များကို တိုင်းဦးစီးမှူးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်နှင့်အဖွဲ့ လှည်းကူးမြို့ စာဘူးတောင်းကျေးရွာ စာဘူးတောင်းလမ်း ဂဝံခင်းရန် ဆောင်ရွက်မှုကို မတ် ၁၁ရက်က ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဘသိန်းက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့ သီဂီပရိယတ္တိစာသင်တိုက်သို့ သီလရှင်ဝတ်စုံနှင့် အလှူငွေများလှူဒါန်း

ကျောင်းကုန်း ဧပြီ ၅

ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ စေတနာအလှူရှင်များ ပါဝင်သော သာသနာ့နွယ်ဝင် သီဂီပရိယတ္တိစာသင်တိုက်သို့ သီလရှင်ဝတ်စုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မတ် ၃၀ရက် နံနက် ၉နာရီက ဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုရှိ သာသနာ့ နွယ်ဝင် သီဂီပရိယတ္တိ စာသင်တိုက်၌ ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်ဇနီး ဒေါ်ဆွေဇင်ဝင်းက အလှူငွေကျပ်တစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စေတနာရှင် အလှူရှင်များ၊ မြို့နယ်အတွင်းရှိ အလှူရှင်များ စုပေါင်း၍ သီလရှင်ဝတ်စုံ တစ်စုံလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် ဝတ်စုံစုစုပေါင်း ၄၅စုံကို သာသနာ့နွယ်ဝင် သီဂီသီလရှင် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်သုမေဓာဝိဏီထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (၁၅၄)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော နမ့်လန်ကျေးရွာအုပ်စု ကုန်းညောင်စိန်ပန်း (အပြင်လမ်း) ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၂၇ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဟိန်း၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမျိုးမြင့်နှင့် သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၂၀)

အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးသန့်ရရှိရေး ဖလမ်းမြို့၌ အသိပေးပညာပေး ညှိနှိုင်းစည်းဝေး

ဖလမ်း ဧပြီ ၃

ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးကောင်းသွေးသန့် ရရှိရေးအတွက် အသိပညာပေး ညှိနှိုင်းအစည်းအဝေးကို မတ်၂၇ရက် နံနက် ၁၀နာရီက ဖလမ်းမြို့ သူနာပြုကျောင်း သဇင်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သွေးကောင်းသွေးသန့်

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးမောင်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ဟားခါးမြို့မှ ခုခံအားကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်ဇင်ဝင်းက အိတ်ချ်အိုင်ဗွီပိုးကင်းစင်သော သွေးကောင်းသွေးသန့်များ ရရှိရေးကိုလည်းကောင်း အသိပညာပေး ညှိနှိုင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

8-4 (15).pmd 1 4/8/2008, 2:39 AM

ပုလဲမြို့နယ်အသင်း ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများပူဇော်

ပုလဲ ဧပြီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော ပုလဲမြို့ ကလျာဏီရပ်ကွက် ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဆရာတော်နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော ပုလဲမြို့ နန်းတော်ရာရပ်ကွက် ဆံတော်တွင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီဟဉာဏာဘိဝံသ ဆရာတော်ကြီး နှစ်ပါးအား ပုလဲမြို့နယ်အသင်း (ရန်ကုန်)၏ အမှုဆောင်များ၊ အသင်းသား အသင်းသူများနှင့် တပည့်ဒါယကာ ဒါယိကာမများစုပေါင်း၍ ပူဇော်ပွဲကို မတ် ၃၀ရက် မွန်းလွဲ ၁နာရီက ဝင်းနိမ္မိတာရုံကျောင်းတိုက် သီလဒီပကကျောင်းဆောင်၌ ကျင်းပသည်။

လျှောက်ထား

အခမ်းအနားတွင် ပုလဲမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးညွန့်ဇော်က ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်များကို လျှောက်ထားသည်။

အပူဇော်ခံ ဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၏ ထေရုပတ္တိကို ပုလဲမြို့နယ်အသင်း (ရန်ကုန်)၏ အမှုဆောင် ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)ကလည်းကောင်း၊ အပူဇော်ခံ ဆရာတော် ဘဒ္ဒန္တသီဟဉာဏာ ဘိဝံသ ဆရာတော်၏ ထေရုပ္ပတ္တိကို ပုလဲအသင်း(ရန်ကုန်)၏အမှုဆောင် ဦးဇော်ဝင်းတို့က ဖတ်ကြားပူဇော်ကြသည်။

ပူဇော်

ဆက်လက်၍ တေးသံရှင် ဒေါ်ဝါဝါခိုင်က စောင်း ဦးတင်ဟန်၊ စောင်းဦးလှအောင်တို့နှင့် တွဲဖက်၍ ရတုပိုဒ်စုံ၊ တေးထပ်တို့ဖြင့် ပူဇော်ကြသည်။

လှူဒါန်း

ပုလဲအသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီးတို့က ဆံတော်တွင်းကျောင်းတိုက်ဆရာတော် အားလည်းကောင်း (ဝဲပုံ)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဝင်းနိမ္မိတာရုံဆရာတော်အားလည်းကောင်း ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ဝ၆ဝ)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ပုဇွန်တောင်မြို့နယ် ၅၁လမ်း အမှတ် ၁၈၁/၁၈၃ နေ ဒေါ်ခင်စီ၏ (၇၇)နှစ်ပြည့်မွေးနေ့ ကောင်းမှုအဖြစ် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။
(၁၁၇)

G.P အမှတ်တံဆိပ် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

တစ်ဦးတည်းပိုင်ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်က ၁၉၇၇ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးအတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး ကိုယ်တိုင် တရားဝင်တင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော G.P Pistons နှင့် Rbi

Rubber Products Parts မော်တော်ကားအပိုပစ္စည်းများ မြန်မာနိုင်ငံ၌ တင်သွင်းခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် မိတ်ဆုံစားပွဲနှင့် U.A.E နိုင်ငံထုတ် Golden Power G.P Lubricants G.P အမှတ်တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များ တင်သွင်းဖြန့်ဖြူးခြင်း ဒုတိယအကြိမ် နှစ်ပတ်လည် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ်၂၇ရက်က မန္တလေးမြို့ အိုရီယမ်တယ်ဟောက်၌ လည်းကောင်း၊ ဧပြီ၁ရက်တွင် အတ္တရုံဟိုတယ်၌ လည်းကောင်း ကျင်းပရာ ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ) ဦးဘဂျမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်း

မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲတို့တွင် မန္တလေးမြို့၌ အာရပ်စော်ဘွားများနိုင်ငံ (U.A.E) ဂျာမန်မေရာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ Mr. Hussein Hindi နှင့် မော်လမြိုင်မြို့၌ German Mirror Lubricants and Greases မှ မန်နေဂျင်းဒါရိုက်တာ Mr. Mohammed Hussein တို့က G.P တံဆိပ် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုများကိုလည်းကောင်း၊ မန္တလေးမြို့၌ RBI Rubber Parts ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. How Saelim နှင့် မော်လမြိုင်မြို့၌ President Mr. Wanla Pa Saclo တို့က မော်တော်ယာဉ်သုံး ရော်ဘာ အစိတ်အပိုင်းပစ္စည်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တည်ခင်း

ထို့နောက် မန္တလေးမြို့၌ Charn Kolar Kan Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ Mr. Charn Purachagrid က မိတ်ဆက်စကားကို လည်းကောင်း၊ မော်လမြိုင်မြို့၌ မန်နေဂျင်း ဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်း၏ သမီး မအေးမြရတနာက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားကြပြီး တာဝန်ရှိသူများကတစ်နှစ်တာအတွင်း ရောင်းအားအကောင်းဆုံး ဆိုင်များအား ဆုများနှင့် မော်လမြိုင်မြို့၌ ကံထူးရှင် Five Stars ဆိုင်ကယ် အပိုပစ္စည်းဆိုင်က ဆိုင်ကယ်ဆုတို့ကို ပေးအပ်ချီးမြှင့်ကာ **(အောက်ဝဲပုံ)** ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တင်သွင်း

ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ တင်သွင်းသော RBI Rubber Parts နှင့် G.P Pistons များသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော မော်တော်ကား အပိုပစ္စည်းများ ဖြစ်ပြီး (U.A.E)က တင်သွင်းခြင်းဖြစ်သည်။

Golden Power အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများကို ဂျာမန်နည်းပညာများဖြင့် ထုတ်လုပ်ထားပြီး အင်ဂျင် သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရန် ရည်ရွယ်တင်သွင်းခြင်းဖြစ်သည်။

မှာယူနိုင်

G.P အမှတ်တံဆိပ်များကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပြီး အမှတ်၂၃၃၊ ၂၈လမ်း၊ ၈၀လမ်းနှင့်၈၂လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၁၂၁၀နှင့် ဖုန်း-၀၉-၅၀-၅၅၉၀၇ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။ **(သတင်းစဉ်)**

သာယာဝတီမြို့၌ စာရေးကိရိယာများလှူဒါန်း

သာယာဝတီ မတ် ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့က သာယာဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ကျောင်းသားများ ၉၂၉ ဦးတို့အတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူများကိုယ်စား သာယာဝတီမြို့နယ် ပညာရေးမှူး ဦးဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာ ကြံခိုင်ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော မြင်းကန်ကျေးရွာလုံးကျွတ် စာကြည့်တိုက်များလွှဲပြောင်း

မိတ္ထီလာ ဧပြီ ၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် မြင်းကန်ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်တို့က မြင်းကန်ကျေးရွာအုပ်စုရှိ ဆည်ကုန်းကျေးရွာ ရတနာစာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းတို့က မြင်းကန်ကျေးရွာ ဖြိုးစာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်း

ဆက်လက်၍ မြင်းကန်ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို မြင်းကန်ကျေးရွာတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက် အဆောက်အအုံကို လွှဲပြောင်းပေးအပ်သည်။

လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်များအတွက် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သုတ၊ ရသ စာအုပ် ၃၀၀ ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဇနီး ဒေါ်ဖြူဖြူခင်တို့ကသုတ၊ရသစာအုပ်၁၀၀၊ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်အေးမူက ငွေကျပ် ၅၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်ရဲမြင့် (ကြက်သွန်ပွဲရုံ) က ငွေကျပ် ၅၀၀၀၊ ဦးကျော်ဆွေ (ကြက်သွန်ပွဲရုံ)က ငွေကျပ် ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(၀၇၈)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သော ကျွန်းတောဈေးပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်သန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီစိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့်ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည့်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။
၆။ ချဉ်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေ လှန်းပြီးမှ စိုက်ပျိုးပါ။
၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှုားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော မြို့ပြသစ္စာလမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပဋ္ဌမကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကြီး

အားမာန်သစ် မော်တော်ယာဉ်ထုတ်လုပ်ရေး ☺Ever Smile Group.

Happy Myanmar New Year '2008
MCC
Up to 50% Discount
(9-4-2008)မှ(10-4-2008)

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ငွေဆောင်ကမ်းခြေ
(ချမ်းမြေ့) ထမင်းဆိုင်
လူမျိုးမရွေး၊ ဘာသာမရွေး စားသုံးနိုင်ပါသည်။
ငွေဆောင်ကမ်းခြေ ဆက်သွယ်ရေးရုံး(အနီး)။

ရေးမြို့ ချောင်းတောင်-ဝဲရက်ကျေးရွာချင်းဆက် အုတ်ခုံတံတားသစ်ဖွင့်

ရေး ဧပြီ ၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့ နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၇၂၀၀၀၀၀ဖြင့် အကုန်အကျခံဆောက်လုပ်သော ချောင်းတောင်-ဝဲရက်ကျေးရွာချင်း ဆက်လမ်းရှိ အုတ်ခုံသစ်သားတံတားသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ချောင်းတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အုတ်ခုံခံသစ်သားတံတားမှာ အကျယ် ၁၄ ပေ၊ အရှည် ပေ၂၀ ရှိသည်။

(က-ပ)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက်-အမှတ်(၄)၊ လူနေရပ်ကွက် အမှတ်-ကံဘဲ့၊မြေကွက်အမှတ် ၅၁/ခ ၊ ဧရိယာ ၀ ဒသမ ၀၃၀ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် အဝေရာလမ်း အမှတ်(၃၃)ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တစ်ဦးတည်း ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်လှိုင် ၁၂/ရကန(နိုင်)၀၃၈၆၃၀ ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ကြူ (LL.B,ADVOCATE)
တရားရုံးချုပ်ရှေ့နေ၊ စဉ်(၃၃၂၄)
အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရန်နှင့် လက်တွေ့လုပ်ငန်းများလုပ်ကိုင်နိုင်ရန် လားရှိုး၌သင်တန်းဆင်း

လားရှိုး ဧပြီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန လားရှိုးမြို့ပြန်လည်ထူထောင်ရေးစခန်းတွင် မတ် ၂၈ရက် နံနက် ၈နာရီက မူးယစ်ဆေးဝါးသုံးစွဲ၍ ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ခြင်းခံယူရန်နှင့် လက်တွေ့လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ စီစဉ်မှုဖြင့်သင်တန်းဖွင့်လှစ်ခဲ့ပြီးနောက် သင်တန်းဆင်းပွဲကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသုတက မူးယစ်ဆေးသုံးစွဲသူတို့၏အလေ့အထနှင့် အမူအကျင့်များ ပြောင်းလဲနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနမှ နိုင်ငံအတွင်းရှိစခန်းများတွင် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ သင်တန်းအခြေပြုလေ့ကျင့်ပေးပြီး ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် သင်တန်းသားများအား စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများက နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြန်လည်ထူထောင်မှု ခံယူပြီးသည့် သင်တန်းသားအနေဖြင့်လည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးသံသရာထဲမှ ရုန်းထွက်၍ မိမိဘဝရပ်တည်မှုရှိရန်အတွက် သင်တန်းဆင်းပြီးသည့် နောက်ပိုင်းတွင်လည်း နောက်ဆက်တွဲခံယူကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး စခန်းမန်နေဂျာ ဦးဇော်မင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

(က-ပ)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခုတ်မြို့စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ် သာယာလှပရေး ဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၂ ရက်က ညွှန်ကြားရေးမှူးဦးအေးဆွေ ကွင်းဆင်း စစ်ဆေးမှုကို မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးထန်ဒေါင့်တွန်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်မြို့၌ မီးဘေးကာကွယ်ရေး ဟောပြော မီးငြိမ်းသတ်မှုများ သရုပ်ပြ

ပြည် ဧပြီ ၁

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုပြုလုပ်ခြင်း အခမ်းအနားကို မတ် ၁၄ ရက် နံနက် ၈ နာရီက သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ (ပြည်)၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်) မန်နေဂျာ အင်ဂျင်နီယာ ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝ မီးဘေးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်လူဇော်နှင့် ဝန်ထမ်းများက မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုများကို လက်တွေ့ သရုပ်ပြပြီး ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)မှ ဝန်ထမ်းများက မီးငြိမ်းသတ်မှုများကို လက်တွေ့ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (၀၅၇)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဆန်ချီဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Bhaskar Kumar Mitra တို့လိုက်ပါလျက် မဒ္ဒရာပရာဒက်ချ်ပြည်နယ် ဘိုပါးမြို့သို့ သွားရောက်ရန် ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ တာ့ဂျ်မဟာဟိုတယ်မှ လေတပ်စခန်းဌာနချုပ် လေဆိပ်သို့ ထွက်ခွာခဲ့ကြရာ လေဆိပ်မှနေ၍ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jairm Ramesh၊ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ Mr.Sunil Lal နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ အထူးလေယာဉ်ဖြင့် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဘိုပါးလေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Pukhraj Maroo ၊ ပြည်နယ်ရဲချုပ် Shri Landra Shrivastav နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးဦးကြိုဆို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လေဆိပ်ခန်းမအတွင်း၌ တာဝန်ရှိသူများက ရိုးရာဓလေ့ထုံးစံအရ ခရီးဦးကြိုဆို ဂါရဝပြုကြသည်။ *စာမျက်နှာ ၇ ကော်လံ ၃* ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဘိုပါးမြို့ ဆန်ချီဒေသရှိ သာသနာ့အဆောက်အအုံများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေးတို့အတွက် အလှူတော်ငွေများကို သိမ်ကျောင်းဆရာတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှည့်လည်ဖူးမြော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဘိုပါးမြို့ ဆန်ချီဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များအား လှည့်လည်ဖူးမြော်စဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၁ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားပါမည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

နိုင်ငံ၏ နေရာအနှံ့အပြားတွင် ဓာတ်အားပေးစက်ရုံကြီးများကို တည်ဆောက်ခဲ့ရာ ထိုဓာတ်အားပေး စက်ရုံကြီးများမှ ဓာတ်အားကို ဓာတ်အားသုံးစွဲသူများထံအရောက် ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ပို့အားမြှင့် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများအား အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေစွာ ထပ်မံတည်ဆောက်ခဲ့ရ။

ခရမ်းစိုးမြင့်၏ သတင်းဆောင်းပါး စာ - ၈ ၊ ၉